ဂါရဝေါ စ တော် မင်္ဂလ မုတ္တမံ - ရိုသေအပ်သောသူတို့ကို ရိုသေရခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တန်ခူးလပြည့်နေ့၊ ၂၀၁၁ ခုနှစ်၊ ဧပြီ ၁၈ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၉၅)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နှစ်ဦးမင်္ဂလာအခါသမယမှစ၍ ကောင်းမှုမြတ်နိုး ကောင်းအောင်ကြိုး၍ ကောင်းကျိုးကိုယ်စီတည်ကြ

နိုင်ငံတစ်ဝန်းလုံး၌ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်ပုညတို့ ထုံမွမ်းနေ

နေပြည်တော် ဧပြီ ၁၇

မြန်မာသက္ကရာဇ် ၁၃၇၃ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်သည် အေးချမ်းမှု၊ လန်းဆန်းမှု၊ ဆွတ်ပျံ့ကြည်နူးမှု ပီတိသောမနဿဖြင့် နှစ်သစ်ကို စတင်သော နှစ်ဦးမင်္ဂလာ အခါသမယပင်ဖြစ်သည်။

လမ်းညွှန်

အစကောင်းမှ အနှောင်းသေချာမည်ဟူသော အစဉ်အဆက် ဆုံးမစကားသည် နှစ်ဦးအခါသမယအတွက် လမ်းညွှန်ချက်ပင်ဖြစ်သည်။ ထို့ကြောင့် မြန်မာတို့သည် နှစ်ဆန်းတစ်ရက် နှစ်ဦးမင်္ဂလာအခါသမယတွင် ပေးကမ်းစွန့်ကြဲခြင်းဟူသော ဒါန၊ ကိုယ်နှင့်နှုတ်တို့၌ မကောင်းမှုဖြစ်ထွန်းမလာအောင် စောင့်ထိန်းခြင်းဟူသော သီလနှင့် စိတ်နှလုံးကို ဖြူစင်အောင် ဆင်ခြင် ဆေးကြောခြင်းဟူသော ဘာဝနာအလုပ်တို့ကို နှစ်ဦးမှ စတင်၍ ပြုမူကြစမြဲဖြစ်သည်။

ထို့ကြောင့် ယနေ့ မြန်မာနှစ်ဆန်းတစ်ရက် နှစ်ဦးမင်္ဂလာအခါသမယတွင် နိုင်ငံတစ်ဝန်းလုံး၌ စေတုဒိသာဒါန၊ *စာမျက်နှာ ၈ ကော်လံ ၁* ❖

မြန်မာနှစ်ဆန်းတစ်ရက်က နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုသူများဖြင့် စည်ကားလျက်ရှိစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

ယနေ့ ဖတ်စရာ မှတ်စရာ

အသက် ၁၁၉ နှစ်ရှိ အဘွား ဒေါ်မြကြည်အား ပူဇော်ကန်တော့။ (စာ-၂)



တစ်နာရီ ကီလိုမီတာ ၂၅၀ မောင်းနှင်နိုင်သည့် ကမ္ဘာ့အမြန်ဆုံး စူပါဘတ်စ်ကား။ (စာ-၄)

အာတိတ်ဒေသ၌ ရာခိုင်နှုန်း ၄၀ အထိ ပါးလွှာလာသော ကမ္ဘာ့အိုဇုန်းလွှာ။ (စာ-၅)

ချန်ပီယံလိဂ်ဖလားနှင့် ထိုက်တန်သည်ဟု ယူဆသူ နည်းပြမော်ရင်ဟိုနှင့် အင်တာဗျူး....။ (စာ-၁၁)

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၁၁ ခုနှစ် ဧပြီ ၁၈ ရက်)

အပူဒဏ်ကာကွယ်ရေး ကျန်းမာရေးအသိဖြင့် သတိပြုနေထိုင်

ယခုအခါ ပူပြင်းသောနွေကာလသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ပြည်သူများသည် အပူဒဏ်ကို ကာကွယ်နိုင်ရေးအတွက် ကျန်းမာရေးအသိဖြင့် သတိပြုနေထိုင်ကြရမည်ဖြစ်သည်။

အပူဒဏ်ကြောင့် မလိုလားအပ်သော ဆိုးကျိုးများမဖြစ်ပေါ်ရန်အတွက် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားကြရမည်ဖြစ်သည်။ ခန္ဓာကိုယ် ချွေးထွက်လွန်ပြီး ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားနိုင်သည်။

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့ဖြစ်တတ်သည့်အတွက် အပူဒဏ်ကို ကာကွယ်နိုင်ရန် ပြင်ပသို့ထွက်သည့်အခါ အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်တို့ကို ယူဆောင်သွားကြရမည်ဖြစ်သည်။

ဝတ်စားဆင်ယင်မှုတွင်လည်း အပူသက်သာစေမည့်အရောင်နှင့် ချည်ထည်အဝတ်များကိုသာဝတ်ပြီး သက်သောင့်သက်သာဖြစ်ရန် ဝတ်ဆင်ကြရမည်ဖြစ်သည်။

နေပူထဲမှ ပြန်ရောက်လာသည့်အခါ ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ရပါမည်။ နေပူထဲတွင် ပြင်းထန်သောကိုယ်လက်လှုပ်ရှားခြင်းကို မပြုလုပ်သင့်ပါ။

ပူပြင်းသောအချိန်တွင် အရက်သေစာသောက်စားခြင်းကို ရှောင်ကြဉ်ရပါမည်။ အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို လွယ်ကူစွာ တိုးပွားဖြစ်ပေါ်စေသည်။ သွေးတိုးလွယ်စေသည့် အစားအသောက်များကို ရှောင်ကြဉ်ကြရမည်ဖြစ်သည်။

ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါအခံရှိသူများ၊ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များသည် ပူပြင်းသောအချိန်တွင် လေဝင်လေထွက် ကောင်းသောနေရာ၊ အရိပ်ကောင်းသောနေရာများတွင် နားနေကြရမည်ဖြစ်သည်။

သို့ဖြစ်၍ ရာသီဥတုပူပြင်းသည့်အချိန်တွင် လူတိုင်းသည် အပူဒဏ်ကြောင့် အန္တရာယ်မဖြစ်စေရန် ကျန်းမာရေးအသိဖြင့် သတိပြုနေထိုင်ကြရမည်ဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာန၏ အပူဒဏ်အန္တရာယ် ကာကွယ်ရေး နှိုးဆော်ချက်များကို လိုက်နာကျင့်ကြံနေထိုင်ခြင်းဖြင့် ရောဂါဘယကင်းဝေးကြမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အသက် ၁၁၉ နှစ်ရှိ အဘွား ဒေါ်မြကြည်အား ပူဇော်ကန်တော့

မန္တလေး ဧပြီ ၁၇

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဒေါင်းရွေးကျေးရွာအုပ်စု မယ်တော်စုကျေးရွာတွင် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ဧပြီ ၁၄ ရက် သင်္ကြန်အကျနေ့ နံနက် ၈ နာရီက ကျင်းပသည်။

ပေးအပ်လှူဒါန်း

သက်ကြီးပူဇော်ပွဲတွင် အသက် ၁၁၉ နှစ်ရှိ အဘွား ဒေါ်မြကြည်(ဝဲပုံ) အပါအဝင် အသက် ၉၀ အထက် အဘွားတစ်ဦး၊ အသက် ၈၀နှင့်အထက် အဘိုးအဘွားလေးဦး၊ အသက် ၇၀ အထက် အဘိုးအဘွားခြောက်ဦး အပါအဝင် အဘိုး ၁၁ ဦး၊ အဘွား ၂၄ ဦး စုစုပေါင်း အဘိုးအဘွား ၃၅ ဦးတို့အား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအေးလွင်နှင့် ရွာသူရွာသားများက အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများကို အဘိုးအဘွားတစ်ဦးချင်းသို့ ပေးအပ် လှူဒါန်းကြသည်။

ဆုမွန်ကောင်းပေး

ထို့နောက် အသက် ၁၁၉ နှစ်ရှိပြီဖြစ်သည့် အဘွား ဒေါ်မြကြည်က သက်ကြီးဘိုးဘွားများကို ဤကဲ့သို့ လှူဒါန်းပူဇော်ကန်တော့ကြသည့်အကျိုးကြောင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံ၍ မိမိတို့လိုအင်ဆန္ဒများ ပြည့်စုံကြကာ အဘွားကဲ့သို့ အသက်ရာကျော်နေနိုင်ကြပြီး ဘာသာအကျိုး သာသနာ့အကျိုး ဆောင်ရွက်နိုင်ကြသည့် သာသနာပြု သားကောင်းသမီးကောင်းများ ဖြစ်ကြပါစေဟု ဆုမွန်ကောင်းများပေးခဲ့ကြောင်း သိရှိရသည်။ (ဝ၃၈)

ဧပြီ ၁၇ ရက် (နှစ်ဆန်းတစ်ရက်)က ကလောမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ် အုပ်ချုပ်ရေးရုံး အစည်းအဝေး ခန်းမ၌ သက်ကြီးပူဇော်ပွဲ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသိန်းဇော်နှင့် ရုံးဝန်ထမ်း မိသားစုများက အဘိုး ၁၇ဦး၊ အဘွား ၁၇ ဦးတို့အား ငွေကျပ် ၃၆၃၈၀၀နှင့် ဆေးဝါးများဖြင့် ပူဇော်ကန်တော့ကြစဉ်။ (ဝ၇ဝ)

ကြည့်မြင်တိုင်မြို့နယ်၌ သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၇

ရန်ကုန်တိုင်းဒေသကြီးအနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ဈေးကြီး၊ တလိုင်းပိုင်း၊ ငါးကြော်ဖို၊ အိုးဘိုရပ်ကွက်လုံးဆိုင်ရာ (၆၂)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၇ ရက် (နှစ်ဆန်းတစ်ရက်) နံနက်က ကျောင်းကြီးလမ်း မဟာပုညောပကာရဓမ္မာရုံကြီးတွင် ကျင်းပရာ အဖွဲ့ဥက္ကဋ္ဌ ဦးလှမြင့်နှင့် အတွင်းရေးမှူး ဦးငွေဝင်းတို့က ပူဇော်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကန်တော့ခံသက်ကြီး ဦးကြည်ဝင်းက ဘိုးဘွားများ၏ကိုယ်စား ဆုံးမသြဝါဒစကား ပြောကြားပြီး ကန်တော့ခံ အဘိုးအဘွား ၅၀၅ ဦးတို့အား အမှုဆောင်များက ငွေကျပ် ၃၀၉၁၉၄၂၈ကျပ်တန်ဖိုးရှိ အလှူငွေနှင့်ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)** (ဝ၄၂)

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းက ငလျင်ဒဏ်သင့် ပြည်သူများအတွက် အလှူငွေများလှူဒါန်း

နေပြည်တော် ဧပြီ ၁၇

တာချီလိတ်ခရိုင်ရှိ ငလျင်ဒဏ်သင့်ပြည်သူများအတွက် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းက အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၁၄ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ အင်းဝဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ဗဟို)က ငွေကျပ်သိန်း ၅၀၊ ဟိုတယ်ဇုန် ၁၀ ခုက ဇုန်တစ်ဇုန်လျှင် ငွေကျပ် ငါးသိန်းစီဖြင့် ငွေကျပ်သိန်း ၅၀ စုစုပေါင်း အလှူငွေကျပ် သိန်း ၁၀၀ ကို မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် ဟိုတယ်လုပ်ငန်းရှင်များက ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးတင့်ဆန်းထံ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြေယာရှင်း အလှပြုပြင်

ပုသိမ်မြို့ မြို့ဝင်မြေယာရှင်းအလှပြုပြင်ခြင်းလုပ်ငန်းကို ဧပြီ ၈ ရက်က ဦးစီးအရာရှိ ဦးဆန်းထွန်းနှင့်အဖွဲ့ ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား

၁၈-၄-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၂၀ ၅။ ဓမ္မပူဇာတေး
၇:၂၅ ၆။ မျိုးချစ်တပ်မတော်
၇:၃၀ ၇။ မြန်မာ့ရှုခင်း
၇:၃၅ ၈။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၄ ၃။ နိုင်ငံတော်သီချင်း
၄:၀၅ ၄။ အဖွင့်သီချင်း
၄:၁၀ ၅။ မျိုးချစ်တပ်မတော်
၄:၁၅ ၆။ စိုက်ပျိုးသုတ
၄:၃၀ ၇။ ရှင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅ ၈။ လျှပ်တစ်ပြက်
၄:၄၅ ၉။ ဗွီစီဒီကျော်ကြားတေး
၄:၅၅ ၁၀။ သတိနှင့်တိုးမည့်ပိုးဖလံများ
၅:၁၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သက်တော်စောင့်** (အပိုင်း-၃၃)
၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၅။ သံစဉ်လမ်းက လင်းလက်ကြယ်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြယ်စင်ညီအစ်မများ** (အပိုင်း -၇၇)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ Talk Of The Town
၂၂။ မေးမြန်းစူးစမ်း
၂၃။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်တို့တည်ရာ** (အပိုင်း -၆)
၂၆။ **Mini Series**

● *ကျောဖုံးမှ*

အာယုဒါန(ဘေးမဲ့သက်လွှတ်) မင်္ဂလာ အခမ်းအနားကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ မင်္ဂလာဆိုင်းဘုတ်ကိုင်နှင့် သာသနာ့အလံကိုင် ဥပါသကာများ၊ ပရိတ်ရေပက်ဖျန်းပေးမည့် စေတီတော် ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ဦးဆောင်၍ ဝန်ကြီးဌာနများမှ ဝတ်အသင်း(၃၀)၊ နေပြည်တော်တပ်နယ်မှ ဝတ်အသင်း (၁၆)သင်းနှင့် နေပြည်တော်ခရိုင်အတွင်းရှိ ဝတ်အသင်း(၂၁)သင်း စုစုပေါင်း ဝတ်အသင်း(၆၇)သင်းတို့မှ ဝတ်အသင်းသူများက ဇီဝိတဒါန၊ အဘယဒါန၊ အာယုဒါန မင်္ဂလာပြုမည့် အတာအိုးများကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လိုဏ်တော်အတွင်းမှ သယ်ဆောင်ကြကာ တောင်ဘက်မုခ်မှ ဆင်းသက်၍ ဇီဝိတဒါန၊ အဘယဒါန၊ အာယုဒါနမင်္ဂလာ အခမ်းအနားကျင်းပမည့် မာလိနီမင်္ဂလာရေကန်တော်သို့ သွားရောက်နေရာယူကြသည်။

ပက်ဖျန်း

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်၊ ဝန်ကြီး သူရဦးမြင့်မောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက မင်္ဂလာရေကန်တော်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းကြပြီး ငါးများအား မာလိနီမင်္ဂလာရေကန်တော်အတွင်းသို့ ဘေးမဲ့သက်လွှတ် ကုသိုလ်ပြု၍ ဇီဝိတဒါန၊ အဘယဒါန၊ အာယုဒါန ကုသိုလ်မင်္ဂလာပြုကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပရိသတ်များက ငါးများအား မာလိနီမင်္ဂလာရေကန်တော်အတွင်းသို့ ဘေးမဲ့သက်လွှတ် ကုသိုလ်ပြု၍ ဇီဝိတဒါန၊ အဘယဒါန၊ အာယုဒါန ကုသိုလ်မင်္ဂလာ ဆောင်ရွက်ကြသည်။

ထို့အတူ နံနက် ၇ နာရီတွင် သာသနာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများက ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် ရင်ပြင်တော် သန့်ရှင်းရေးလုပ်အားဒါနကုသိုလ်ယူ ဆောင်ရွက်ကြရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်နှင့် ဝန်ကြီး သူရဦးမြင့်မောင်တို့က လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **(သတင်းစဉ်)**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်နှင့် ဝန်ကြီး သူရဦးမြင့်မောင်တို့ မာလိနီမင်္ဂလာရေကန်တော်အတွင်းသို့ ငါးသားပေါက်များကို ဘေးမဲ့လွှတ်၍ ကုသိုလ်ပြုကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သြဝါဒါစရိယ နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အမှူးပြုတော်မူသော ဆရာတော် သံဃာတော်များ ရဟတ်ယာဉ်ဖြင့် နေပြည်တော်ဝန်းကျင်အတွင်း လှည့်လည်၍ နှစ်သစ်ဦးမင်္ဂလာ အန္တရာယ်ကင်း ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြစဉ်။ (သတင်းစဉ်)

ရဟတ်ယာဉ်ဖြင့် နေပြည်တော်ဝန်းကျင်လှည့်လည် နှစ်သစ်ဦးမင်္ဂလာအန္တရာယ်ကင်းပရိတ်တရားတော်ရွတ်ပွားသရဇ္ဈာယ်

ပရိတ်ရေများဖြင့် ဖျန်းပက်မေတ္တာပို့သ

နေပြည်တော် ဧပြီ ၁၇

နိုင်ငံတော်သြဝါဒါစရိယ နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အမှူးပြုတော်မူသော ဆရာတော် သံဃာတော်များသည် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၇ နာရီခွဲတွင် ရဟတ်ယာဉ်ဖြင့် နေပြည်တော်ဝန်းကျင်အတွင်း လှည့်လည်၍ နှစ်သစ်ဦးမင်္ဂလာ အန္တရာယ်ကင်း ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြပြီး ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးနှင့် တာဝန်ရှိသူများက ပရိတ်ရေ၊ ပရိတ်သဲတို့ဖြင့် ဖျန်းပက်ပေးကြကာ မေတ္တာပို့သကြသည်။ **(သတင်းစဉ်)**

မြောက်ပိုင်းဒေသများ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၁၇

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်နှင့် မင်းဘူးမြို့၊ မကွေးမြို့၊ ဇောင်းတူမြို့နှင့် သိမ်ဇရပ်မြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကျောက်ပန်းတောင်းမြို့တွင် ၀ ဒသမ ၃၉ လက်မနှင့် ရမည်းသင်းမြို့တွင် ၀ ဒသမ ၁၉ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဧပြီ ၁၈ရက်မွန်းတည့်အထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် သံရုံး၊ စစ်သံရုံး မိသားစုများ ပေကျင်းမြို့ရှိ လင်ကွမ်း ဗုဒ္ဓစွယ်တော်မြတ်အား သွားရောက်ဖူးမြော် ကြည်ညို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက လှူဒါန်းသည့် သစ်တန် ၃၀၀ ဖြင့် ဆောက်လုပ်ထားသော သာသနိကအဆောက်အအုံ မေ ၂၁ ရက်တွင် ဖွင့်လှစ်မည်

နေပြည်တော် ဧပြီ ၁၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦးနှင့် သံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာသင် မြန်မာကျောင်းသား ကျောင်းသူများ၊ ပေကျင်းရောက် မြန်မာမိသားစုများ စုစုပေါင်း အင်အား ၈၀ကျော်သည် ယနေ့နံနက်ပိုင်းတွင် ပေကျင်းမြို့ရှိ လင်ကွမ်း ဗုဒ္ဓစွယ်တော်မြတ် စေတီတော်အား သွားရောက်ဖူးမြော်ကြည်ညို၍ ဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ရှီချန်ကျန့်အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ဆက်ကပ်လှူဒါန်းကြသည်။

ဆရာတော်နှင့် သံဃာတော် အပါး ၃၀တို့က ''ဗုဒ္ဓသာသနာအဓွန့်ရှည်ရန် ထိန်းသိမ်းစောင့်ရှောက်နေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာဝပြောစေရန်နှင့် ပေကျင်းရောက် မြန်မာမိသားစုများ နှစ်သစ်တွင် အန္တရာယ်ကင်း၊ ဘေးရှင်း၍ လုပ်ငန်းတာဝန်များ အောင်မြင်စေရန်''တို့အတွက် ဆုတောင်းမေတ္တာပို့သပြီး ပရိတ်တရားတော်များ ချီးမြှင့်တော် မူကြသည်။

ကုသိုလ်ဒါနပြု

ထို့နောက် ဆရာတော် သံဃာတော်များအား မြန်မာမိသားစုများက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ ဘုရားဖူးလာသူများအား စတုဒိသာကျွေးမွေး လှူဒါန်းခြင်းတို့ဖြင့် ကုသိုလ်ဒါနပြုကြသည်။

ယခုအခါ ဗုဒ္ဓစွယ်တော်တိုက်အား ပြုပြင်မွမ်းမံဆဲဖြစ်ကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကလှူဒါန်းထားသည့် ကျွန်းသစ် တန် ၃၀၀ ဖြင့် ဆောက်လုပ်ထားသော သာသနိက အဆောက်အအုံအား မေ ၂၁ ရက်တွင် အခမ်းအနားဖြင့် ဖွင့်လှစ်ရန်စီစဉ်ထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပေကျင်းမြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌အတာသင်္ကြန်ရေသဘင်ပွဲ ပျော်ရွှင်စွာဆင်နွှဲခဲ့

နေပြည်တော် ဧပြီ ၁၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦးနှင့် သံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာသင်မြန်မာကျောင်းသား ကျောင်းသူများ၊ ပေကျင်းရောက် မြန်မာမိသားစုများသည် ဧပြီ ၁၅ရက်တွင် သံရုံးဝင်းအတွင်း၌ အတာသင်္ကြန်ရေသဘင်ပွဲ ကျင်းပ၍ ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြကြောင်း သိရှိရသည်။

အဆိုပါ အတာသင်္ကြန်ရေသဘင်ပွဲသို့ အာဆီယံသံအမတ်ကြီးများနှင့် သံတမန်မိသားစုများ၊ တရုတ်နိုင်ငံခြားရေးရုံးမှ ဖိတ်ကြားထားသူများ၊ တရုတ်-မြန်မာချစ်ကြည်ရေးအသင်းမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံကြသော ကုမ္ပဏီလုပ်ငန်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၃၅၀ ကျော်တို့ တက်ရောက်၍ ပါဝင်ဆင်နွှဲခဲ့ကြသည်။ အခမ်းအနားတွင် သံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားပြီး သံရုံး၊ စစ်သံရုံး မိသားစုဝင်များ၊ ပညာသင်များ၊ တရုတ်နိုင်ငံခြားဘာသာတက္ကသိုလ်မှ တရုတ်ကျောင်းသားများ၊ တရုတ်နိုင်ငံ အရှေ့တိုင်း အကအဖွဲ့၊ ယူနန်နှင့် ကွမ်ရှီးတိုင်းရင်းသားအဖွဲ့များက အကပဒေသာတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြကာ ကုမ္ပဏီကိုယ်စားလှယ်များက ကံစမ်းမဲများ ဖွင့်၍ ကံထူးရှင်များအား ဆုချီးမြှင့်ပြီး တက်ရောက်လာသူအားလုံးက မြန်မာ့သီချင်းဖြင့် ပျော်ရွှင်စွာ စုပေါင်းသီဆို ကခုန်ကြသည်။

ထို့နောက် သံရုံးမိသားစုဝင်များက နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်းများ

ဘင်္ဂလားဒေ့ရှ်၌ ကျေးလက်များတွင် နေစွမ်းအင် သုံးစွဲမည်

ဒါကာ ဧပြီ ၁၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဓာတ်အားမလုံလောက်မှု အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရသဖြင့် နေစွမ်းအင်မှ ဓာတ်အားရရှိရေးအစီအစဉ်များကို ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် အရာရှိများက ဧပြီ ၁၇ ရက်၌ ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လူဦးရေ ၁၆၂ သန်းခန့်ရှိရာ ထက်ဝက်ခန့်မှာ ဓာတ်အားလုံလောက်စွာမရရှိဘဲ အခက်အခဲများနှင့် ကြုံတွေ့ရလျက်ရှိသည်။ ထို့ကြောင့် ကျေးရွာများတွင် နေစွမ်းအင်မှ ဓာတ်အားရရှိရေး ဆောင်ရွက်ပြီး ကျေးလက်လူနေမှုဘဝ ပြောင်းလဲတိုးတက်ရန် ဆောင်ရွက်မည်ဖြစ်သည်။

အကောင်အထည်ဖော်

ယခုအခါ ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရက ဂရမ်မီရှိတ်ဂီကုမ္ပဏီနှင့် ပူးတွဲကာ နေစွမ်းအင်အသုံးပြုနိုင်ရေး အစီအစဉ်များကို ကျေးလက်များတွင် တစ်ချိန်တည်း အကောင်အထည် ဖော်လျက်ရှိသည်။

ဖွင့်လှစ်ထား

ယင်းအစီအစဉ်အရ ကျေးလက် ပြည်သူများသည် ၎င်းတို့၏ နေအိမ်များတွင် ဆိုလာပြား ပြင်ဆင်တပ်ဆင်မှုလုပ်ငန်းနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ ဆက်သွယ်မှုလုပ်ငန်းများကို စတင်လေ့ကျင့်သင်ကြားပေးနေပြီဖြစ်သည်။ ကျေးလက်ရှိ မိမိတို့ အိမ်ခေါင်မိုးများပေါ်တွင် ဆိုလာပြားတပ်ဆင်မှုကို အမျိုးသမီးများက ကိုယ်တိုင်ဦးစီးလုပ်ကိုင်ရန် ပြင်ဆင်လျက်ရှိသည်။ **(အပေါ်ပုံ)** ယခုအခါ ကျေးရွာတိုင်းတွင် ဆိုလာစွမ်းအင်နှင့်ပတ်သက်ပစ္စည်းများ အရောင်းဆိုင် တစ်ဆိုင်စီ ဖွင့်လှစ်ထားပြီ ဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာ့အမြန်ဆုံး စူပါဘတ်စ်ကား

ဒူဘိုင်း ဧပြီ ၁၇



ကမ္ဘာ့အမြန်ဆုံး စူပါဘတ်စ်ကားတစ်စီးကို အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)တွင် ကျင်းပလျက်ရှိသော ပြည်သူ့သယ်ယူပို့ဆောင်ရေးဆိုင်ရာ နိုင်ငံတကာအဖွဲ့၏ ကမ္ဘာ့ကုန်စည်ပြပွဲ၌ ခင်းကျင်းပြသရန် နယ်သာလန်မှ သယ်ဆောင်လာကာ ဒူဘိုင်းမြို့တွင် ပြသထားပြီဖြစ်ကြောင်း ကုန်စည်ပြပွဲ တာဝန်ရှိသူများက ဧပြီ ၁၇ ရက်၌ ပြောကြားသည်။

တီထွင်ပြုလုပ်

၎င်းဘတ်စ်ကားသည် နယ်သာလန်နိုင်ငံ မော်တော်ယာဉ် ထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုမှ ထုတ်လုပ်ထားခြင်းဖြစ်ပြီး ခရီးသည် ၂၃ဦးကို တင်ဆောင်နိုင်ကာ တစ်နာရီလျှင် ကီလိုမီတာ ၂၅၀ နှုန်းဖြင့် မောင်းနှင်နိုင်သည်။ ဘတ်စ်ကားရှိ ထိုင်ခုံများနှင့်အခြားအစိတ်အပိုင်းများကို အလွယ်တကူ ရွှေ့ပြောင်းတပ်ဆင်နိုင်ရန်လည်း တီထွင်ပြုလုပ်ထားသည်။

ကမ္ဘာ့အမြန်ဆုံး စူပါဘတ်စ်ကားကို ပြန်လည်စွမ်းအင်ဖြည့်ဆည်းနိုင်သော ဘက်ထရီများ၏ စွမ်းအားဖြင့် မောင်းနှင်နိုင်ရန်လည်း တပ်ဆင်အသုံးပြုထားရာ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုဖြစ်ပေါ်စေမည်မဟုတ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ရောင်းချမည်မဟုတ်

ဒူဘိုင်းမြို့ ကမ္ဘာ့ကုန်စည်ပြပွဲ၌ ခင်းကျင်းပြသထားသော ၎င်းစူပါဘတ်စ်ကားမှာ ရောင်းချဦးမည်မဟုတ်ကြောင်း နယ်သာလန်မှ တာဝန်ရှိသူများက ပြောကြားသည်။ **(အင်တာနက်)**

အာဖဂန်နိုင်ငံ၌ ဗုံးခွဲတိုက်ခိုက် လေးဦးသေဆုံး

ဂျာလာလာဘတ် ဧပြီ ၁၇

အာဖဂန်နစ္စတန်နိုင်ငံ လက်မန်းပြည်နယ်အရှေ့ပိုင်းရှိ အာဖဂန်စစ်အခြေစိုက်စခန်းတစ်ခု၌ ဧပြီ ၁၇ ရက်က အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာ လေးဦးသေဆုံးပြီး ရှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အာဖဂန်အရာရှိများက ပြောကြားသည်။

ဗုံးခွဲတိုက်ခိုက်မှုမှာ ယင်းနေ့ဒေသစံတော်ချိန် နံနက် ၇ နာရီခွဲက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရရှိသူများမှာ ပြင်းထန်သဖြင့် သေဆုံးသူဦးရေ တိုးမြင့်လာဖွယ်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံးခွဲတိုက်ခိုက်မှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း၊ ၎င်းပြည်နယ်တွင် လွန်ခဲ့သည့် နှစ်ရက်ခန့်ကလည်း ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ယင်းတို့က ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

အမေရိကန် အိုကလာဟိုးမားပြည်နယ်၌ တောမီးလောင် အိမ် ၁၀၀၀ ကျော်အား အမြန်ရွှေ့ပြောင်းပေးခဲ့ရ

ဝါရှင်တန် ဧပြီ ၁၇

အမေရိကန်နိုင်ငံ အိုကလာဟိုးမားပြည်နယ်တောင်ပိုင်းတွင် ဧပြီ ၁၇ ရက်က တောမီးလောင်ကျွမ်းမှု နှစ်နေရာဖြစ်ပွားခဲ့ရာ အနီးဝန်းကျင်မှ အိမ် ၁၀၀၀ ကျော်အား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း အမေရိကန်အရာရှိများက ပြောကြားသည်။

ရွှေ့ပြောင်းပေး

ပထမတောမီးလောင်ကျွမ်းသည့် နေရာမှာ လောတန်မြို့အနောက်ပိုင်းတွင်ဖြစ်ပြီး အနီးဝန်းကျင်ရှိ နေအိမ် ၁၀၀၀ ကျော်အား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ မီးသတ်တပ်ဖွဲ့ဝင် ၅၀ ကျော်နှင့်အတူ ရဟတ်ယာဉ်များဖြင့် တောမီးငြိမ်းသတ်ရန် ကြိုးစားလျက်ရှိသည်။

သို့သော် တစ်နာရီ မိုင် ၆၀ နှုန်း လေပြင်းများ တိုက်ခတ်နေမှုကြောင့် တောမီးများ လျင်မြန်စွာ ပျံ့နှံ့ကူးစက်လောင်ကျွမ်းလျက်ရှိရာ သစ်တောဧက ၃၅၀၀ခန့် မီးလောင်ကျွမ်းခဲ့ရသည်။ ဒုတိယတောမီးလောင်ကျွမ်းမှုမှာ ကိုမန်ချီစီရင်စုမြောက်ပိုင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကိုမန်ချီစီရင်စု တောမီးလောင်ကျွမ်းမှုကြောင့် အနီးဝန်းကျင်ရှိ နေအိမ် ၁၀၀ ခန့် ရွှေ့ပြောင်းပေးခဲ့ရသည်။ သစ်တော ဧက ၂၂၀၀ ခန့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

အီရန်နိုင်ငံလုပ် ဒုံးကျည်ပစ်လွှတ်

တီဟီရန် ဧပြီ ၁၇

အီရန် နိုင်ငံက ပြည်တွင်းလုပ် နောက်ဆုံးပေါ် လေကြောင်းကာကွယ်ရေး စနစ်သုံး ဆေယက်-၂ ဒုံးကျည် တစ်စင်းကို ဧပြီ ၁၆ ရက်က အောင်မြင်စွာ စမ်းသပ်ပစ်လွှတ် နိုင်ခဲ့ကြောင်း ဖားစ်သတင်းဌာနမှ ဧပြီ ၁၇ ရက်၌ သတင်းထုတ်ပြန်သည်။ **(ဝဲပုံ)**

ဖြန့်ချမည်

ဆေယက်-၂ ဟု အမည်ပေးထားသည့် လေကြောင်းကာကွယ်ရေးနည်းစနစ်သုံး ၎င်းဒုံးကျည်ကို မကြာမီကလည်း စမ်းသပ်ခဲ့ပြီးဖြစ်ရာ အချိန်တိုကာလအတွင်း ဖြန့်ချနိုင်တော့မည်ဖြစ်သည်။

၎င်းဒုံးကျည်ကို အေရက်ခ်မြို့လယ် ကင်ဟိုဒက်အရပ်အနီး ခွန်ဒက်စခန်းမှနေ၍ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ ယခုကဲ့သို့ ဒုံးကျည်များ ကာကွယ်ရေးအတွက် ဖြန့်ချထားမှသာ အီရန်၏ နျူကလီးယားလုံခြုံမှုကို တိုးမြင့်ကာကွယ်နိုင်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယခင်က ဆေယက်-၁ ဒုံးကျည်ကို အီရန်က စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း၊ ၎င်းဒုံးကျည်သည် ကီလိုဂရမ် ၂၀၀ ရှိ ထိပ်ဖူးကို သယ်ဆောင်ကာ တစ်စက္ကန့်လျှင် မီတာ ၁၂၀၀ နှုန်းဖြင့် ပစ်မှတ်ကို ချေမှုန်းနိုင်ကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

❖ မိုးမြင့်လင်းလက် စုစည်းသည် ❖

တရုတ်အရှေ့ပိုင်း၌ ဝန်ချီစက်ပြိုကျ ငါးဦးသေဆုံး

ဟန်ကျိုး ဧပြီ ၁၇

တရုတ်နိုင်ငံအရှေ့ပိုင်း ဟန်ကျိုးမြို့တွင် ဆောက်လုပ်ဆဲအထပ်မြင့် အဆောက်အအုံတစ်လုံးမှ ဝန်ချီစက် ပြိုကျမှုကြောင့် ငါးဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ အရာရှိများက ဧပြီ ၁၇ ရက်၌ ပြောကြားသည်။

အခင်းဖြစ်ပွားမှုမှာ ဟန်ကျိုးမြို့ လင်းအင်န်အရပ်၌ အထပ်မြင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် ဧပြီ ၁၆ ရက် နံနက် ၉ နာရီက ဝန်ချီစက်ကို ပြုပြင်မှုများပြုလုပ်နေစဉ် ရုတ်တရက် ပြိုကျခဲ့ခြင်း ဖြစ်သည်။

သေဆုံးသူအလုပ်သမား ငါးဦးအနက် သုံးဦးမှာ နေရာ၌ ပွဲချင်းပြီး သေဆုံးခဲ့ခြင်းဖြစ်သည်။ ကျန်နှစ်ဦးမှာ ဒဏ်ရာပြင်းထန်မှုကြောင့် ဆေးရုံ၌ သေဆုံးခဲ့သည်။ ယင်းဖြစ်ရပ်နှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

(အင်တာနက်)

နမီးဘီးယားနိုင်ငံ မြောက်ပိုင်းဒေသများ ရေလွှမ်းမှုကြောင့် ပြည်သူတစ်သန်းခွဲခန့် ရေဘေးဒုက္ခကြုံတွေ့

ကာပရီဗီ ဧပြီ ၁၇

နမီးဘီးယားနိုင်ငံမြောက်ပိုင်းတွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ဧပြီ ၁၆ ရက်အထိ သေဆုံးသူ ၈၀ ရှိပြီး ဒေသခံတစ်သန်းခွဲခန့်မှာ ရေဘေးဒုက္ခများနှင့် ကြုံတွေ့နေရလျက်ရှိကြောင်း နမီးဘီးယားအရာရှိများက ဧပြီ ၁၇ ရက်၌ ပြောကြားသည်။

မြောက်ပိုင်းဒေသခြောက်ခုတွင် ရေလွှမ်းမှုဘေးအန္တရာယ်ကြုံတွေ့နေရသည့် နေရာများအဖြစ် နမီးဘီးယားသမ္မတ ပိုဟမ်ဘာက ကြေညာခဲ့သည်။ မိုးအဆက်မပြတ်ရွာသွန်းနေမှုကြောင့် ယင်းဒေသများရှိ စာသင် ကျောင်း ၂၆၃ ကျောင်း ပိတ်ထားရသည်။ ကျောင်းသားကျောင်းသူ ၁၁၄၀၀၀ ခန့် စာမသင်ကြားနိုင်ဘဲရှိနေသည်။

နမီးဘီးယားနိုင်ငံ မြောက်ပိုင်းဒေသများတွင် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုဌာန ၄၀ ကျော် ရေလွှမ်းခံနေရပြီး ကျန်းမာရေးအဖွဲ့ ၁၀၀ ကျော်မှာလည်း လမ်း၊ တံတားများပျက်စီးနေမှုကြောင့် ထိရောက်သော ကျန်းမာရေး စောင့်ရှောက်မှုများ မလုပ်နိုင်ဘဲဖြစ်နေသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

ရေလွှမ်းမှုကြောင့် ဒေသခံပြည်သူ ၅၀၀၀၀၀ ကျော်မှာ ရေဘေးဒုက္ခကြုံတွေ့ခံစားနေရပြီး အိုမူဆာတီ၊ အိုရှိနာနှင့် အိုဟန်စီနာဒေသများမှာ အဆိုးရွားဆုံးဖြစ်သည်။ **(အောက်ပုံ)** **(အင်တာနက်)**

ပါးလွှာလာသော ကမ္ဘာ့အိုဇုန်းလွှာ

မောင်မောင်မြင့်ဆွေ
စုစည်းသည်

ကမ္ဘာ့နိုင်ငံအသီးသီးက ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့နှင့် ဖန်လုံအိမ်အာနိသင်များ အဆက်မပြတ်ထုတ်လွှတ်နေမှုကြောင့် ကမ္ဘာ့အပေါ်ယံရှိ အိုဇုန်းလွှာပိုမိုပါးလွှာ လာခဲ့ရာ အာတိတ် ဒေသပေါ်တွင် အိုဇုန်းလွှာ ပါးလွှာမှု အနေအထားမှာ စိုးရိမ်ဖွယ်ရာ အခြေအနေသို့ ရောက်ရှိနေပြီဟု ကုလသမဂ္ဂရာသီဥတုဆိုင်ရာ အေဂျင်စီမှ တာဝန်ရှိသူများက သတိပေးလိုက်ပြီဖြစ်သည်။

ထုတ်ပြန်ထား

ယခုနှစ်ဆောင်းရာသီမှ ပြီးခဲ့သည့်မတ်လကုန်အထိကာလအတွင်း အာတိတ်ဒေသရှိ အိုဇုန်းလွှာမှာ ၄၀ ရာခိုင်နှုန်းအထိပါးလွှာသွားပြီဖြစ်ရာ ယင်းအနေအထားမှာ စံချိန်တင် ပါးလွှာမှုပင်ဖြစ်သည်။ အလွန်အေးသောဆောင်းရာသီကာလ၏ လေထုအတွင်းစိုထိုင်းဆများသည့် အချိန်၌ပင် အိုဇုန်းလွှာပါးလွှာမှုက ဆက်လက် ဖြစ်ပေါ်လျက်ရှိနေသည်ဟု ကမ္ဘာ့မိုးလေဝသနှင့် ဇလဗေဒအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

တားဆီးပေး

အိုဇုန်းလွှာဆိုသည်မှာ ကမ္ဘာမြေကို ခရမ်းလွန်ရောင်ခြည်များ ကျရောက်မှုဒဏ်မှ ကာကွယ်ပေးနိုင်ရေးအတွက် ဒိုင်းသဖွယ် တားဆီးပေးထားသည့်အရာ ဖြစ်သည်။ ယခုအခါ အိုဇုန်းလွှာပါးလွှာမှုက အာတိတ်ဒေသတွင် ဆောင်းရာသီကာလ၌ပင် အဆိုးရွားဆုံးအနေအထားအထိစံချိန်တင်ခြင်းမှာလေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ ပိုမိုသိပ်သည်းလာခြင်းကြောင့်ပင် ဖြစ်သည်။

စိုးရိမ်ဖွယ်

အာတိတ်ဒေသတွင် ပြီးခဲ့သည့်ဆယ်စုနှစ် နှစ်စုခန့်က ဆောင်းရာသီအတွင်း အိုဇုန်းလွှာပါးလွှာမှုမှာ ၃၀ ရာခိုင်နှုန်းခန့်သာ ရှိခဲ့သည်ဟု မှတ်တမ်းများက ဖော်ပြထားသည်ဖြစ်ရာ ယခုနှစ် အိုဇုန်းလွှာပါးလွှာမှုက စိုးရိမ်ဖွယ်ရာအနေအထားပင် ဖြစ်သည်။

သဘောတူ

နိုင်ငံတကာ သဘောတူညီချက်တစ်ရပ်ဖြစ်သည့် ၁၉၈၇ ခုနှစ် မွန်ထရီရယ်ပရိုတိုကောအရ ကမ္ဘာ့အိုဇုန်းလွှာပါးလွှာမှုကို ဖြစ်စေမည့်လုပ်ငန်းများကိုလျှော့ချရန် သဘောတူညီခဲ့သော်လည်း လက်တွေ့၌မူ အိုဇုန်းလွှာ ပျက်စီးမည့် ဓာတုဓာတ်ငွေ့များကို လျှော့ချရန် ထိရောက်စွာ မလုပ်ဆောင်နိုင်ခဲ့ကြချေ။

ပြောကြား

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့က မွန်ထရီရယ်ပရိုတိုကောကို အလေးမထား ပစ်ပယ်လာကြသဖြင့် အိုဇုန်းလွှာပါးလွှာမှုမှာ ယခုနှစ်အတွင်း အဆိုးရွားဆုံး အခြေအနေသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့တစ်ဝန်းရှိ နိုင်ငံများအနေဖြင့် ကာဗွန်ဒိုင်အောက်ဆိုက်နှင့် ဖန်လုံအိမ်အာနိသင်ထုတ်လွှတ်မှုများ လျှော့ချခြင်းမပြုပါက လာမည့် ၁၀စုနှစ်များ၌ ခရမ်းလွန်ရောင်ခြည်များ ကမ္ဘာ့မြေပြင်သို့ ပိုမိုရောက်ရှိလာတော့မည် ဖြစ်ကြောင်း ကမ္ဘာ့မိုးလေဝသနှင့် ဇလဗေဒအဖွဲ့မှ အရာရှိများက ပြောကြားနေပြီဖြစ်သည်။



ကမ္ဘာ့အိုဇုန်းလွှာ ပါးလွှာမှုအနေအထားကို ဂြိုဟ်တုမှရိုက်ယူထားသော ဓာတ်ပုံအရ ဤသို့ တွေ့ရသည်။

ယခုနှစ်ဆောင်းရာသီမှ ပြီးခဲ့သည့် မတ်လကုန်အထိကာလအတွင်း အာတိတ်ဒေသရှိ အိုဇုန်းလွှာမှာ ၄၀ ရာခိုင်နှုန်းအထိ ပါးလွှာသွားပြီဖြစ်ရာ ယင်းအနေအထားမှာ စံချိန်တင်ပါးလွှာမှုပင်ဖြစ်၊ အလွန်အေးသော ဆောင်းရာသီကာလ၏ လေထုအတွင်း စိုထိုင်းဆများသည့် အချိန်၌ပင် အိုဇုန်းလွှာပါးလွှာမှုက ဆက်လက်ဖြစ်ပေါ်လျက်ရှိနေ။

ရင်ဆိုင်ကြုံတွေ့

ကမ္ဘာမြေ အပေါ်ယံပိုင်းအား အိုဇုန်းလွှာကကာကွယ်နိုင်မှု နည်းပါးခဲ့ပါက ခရမ်းလွန်ရောင်ခြည်များ ဒဏ်ကို ကမ္ဘာ့ပြည်သူများ တိုက်ရိုက်ထိတွေ့ခံစားရမည်ဖြစ်ရာ ၄င်း၏ အကျိုးဆက်အဖြစ် အရေပြားကင်ဆာရောဂါများ၊ မျက်လုံးအတွင်းတိမ်ရောဂါများ ဖြစ်ပေါ်မှုနှင့် အမြင်အာရုံကွယ်မှုများ၊ ခန္ဓာကိုယ်အတွင်း ခုခံအားစနစ်များ ပျက်စီးခြင်းနှင့်အတူ ဆိုးရွားသော ရောဂါများဖြင့် ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်သည်။ တစ်ဖန် ကောက်ပဲသီးနှံ စိုက်ပျိုးမှုကို ထိခိုက်ပျက်စီးစေမည့်အပြင် ကုန်းနေ၊ ရေနေ သတ္တဝါမျိုးစိတ်ပေါင်း များစွာလည်း ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်စေမည် ဖြစ်သည်။ ထို့အပြင် အပင်နှင့် သတ္တဝါတို့၏ ဂေဟစနစ်ကို ဆိုးရွားစွာ ထိခိုက်စေမည်ဖြစ်သလို မြေဆီလွှာခန်းခြောက်ပျက်စီးမှုများနှင့်လည်း ကြုံတွေ့ကြရမည်ဖြစ်သည်။

တိုက်တွန်းထား

အိုဇုန်းလွှာ ပါးလွှာမှုသည် ကမ္ဘာ့လူသားတို့နှင့် သတ္တဝါတို့၏ ရှင်သန်နေထိုင်မှုကို တိုက်ရိုက်ခြိမ်းခြောက်လျက်ရှိရာ အိုဇုန်းလွှာထိခိုက်ပျက်စီးမှုမရှိစေရန် ကမ္ဘာ့နိုင်ငံတိုင်းကထိန်းသိမ်းစောင့်ရှောက်ကြရမည်မှာ အရေးတကြီး လိုအပ်နေပြီဖြစ်ကြောင်းကမ္ဘာ့မိုးလေဝသနှင့်ဇလဗေဒအဖွဲ့က တိုက်တွန်းထားကြောင်းရေးသားလိုက်ရပါသည်။ ။

(အင်တာနက်)

ကမ္ဘာ့အပေါ်လွှာလေထုအတွင်း အိုဇုန်းလွှာ ဖုံးလွှမ်းထားမှု အနေအထားကို ဤသို့တွေ့ရသည်။

နိုင်ငံတကာသတင်းပဒေသာ အတိုအထွာ

မောင်ချစ်ကြည် – စုစည်းသည်

ရေဘေးဒုက္ခကြောင့် ကိုလံဘီယာ၌ လူ ၈၀ သေဆုံး

ဘိုဂိုတာ ဧပြီ ၁၇

ကိုလံဘီယာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သေဆုံးသူဦးရေမှာ ၈၀ ခန့်ရှိပြီး ရေဘေးဒုက္ခကြုံတွေ့ရသူ ၆၆၀၀၀ကျော်ရှိကြောင်း ကိုလံဘီယာနိုင်ငံ၏ အရေးပေါ်ကယ်ဆယ်ရေးဌာနက ဧပြီ ၁၇ ရက်၌ သတင်းထုတ်ပြန်သည်။

ဖော်ပြ

ထိုသို့ ရေဘေးဒုက္ခကြောင့် သေဆုံးသူများမှာ ၂၀၁၁ခုနှစ်အစမှ ဧပြီ ၁၆ ရက်အထိဖြစ်ကြောင်း၊ ကိုလံဘီယာနိုင်ငံ တောင်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် ရေလွှမ်းမှုကြောင့် ၂၀ သေဆုံးပြီး ၄၀ခန့် ဒဏ်ရာရရှိခဲ့ကြောင်း၊ ယခုသီတင်းနှစ်ပတ်အတွင်း မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းနေဆဲ ဖြစ်ကြောင်း ၄င်းသတင်း၌ဖော်ပြသည်။

အင်တီရိုကွီရာ၊ နာရီနို၊ ဆန်တန်ဒါနှင့် ကာလ်ဒက်စ်ဒေသများတွင် သေဆုံးသူ ၄၀ခန့်ရှိခဲ့ပြီး ခန်ဒီနာမာကာ၊ ကိုလီမာနှင့် ဟူအီလာ အရပ်တို့တွင်လည်း သေဆုံးမှုများရှိခဲ့ကြောင်း သိရသည်။ (အင်တာနက်)

ဖူကူရှီးမား နျူကလီးယားစက်ရုံ ပုံမှန်ဖြစ်ရန် ကိုးလခန့်ကြာမည်

တိုကျို ဧပြီ ၁၇

ဂျပန်နိုင်ငံရှိ ငလျင်နှင့် ဆူနာမီဒဏ်ခံခဲ့ရသော ဖူကူရှီးမား နျူကလီးယားစက်ရုံမှာ ပုံမှန်အခြေအနေရောက်ရှိရန် ကိုးလခန့် ကြာမြင့်မည် ဖြစ်ကြောင်း တိုကျိုအီလက်ထရစ် ကော်ပိုရေးရှင်းဥက္ကဋ္ဌက ဧပြီ ၁၇ရက်၌ ပြောကြားသည်။

ပြောကြား

တိုကျိုမြို့တွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ တစ်ရပ်၌ ဖူကူရှီးမား နျူကလီးယားစက်ရုံနှင့် ပတ်သက်ပြီး ထိန်းချုပ်မှုများ ပြုလုပ်နိုင်ခဲ့ပြီး ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို အဆိုပါ တိုကျိုအီလက်ထရစ်ကော်ပိုရေးရှင်းမှ ဥက္ကဋ္ဌ ကာဆူမာတာက ပြောကြားခဲ့သည်။

ကြာမြင့်မည်

ဖူကူရှီးမား နျူကလီးယားစက်ရုံ ***(အောက်ပုံ)*** *ရှိ ဓာတ်ပေါင်းဖိုများအတွက် အအေးပေးစနစ်များတပ်ဆင်ရန် အနည်းဆုံးအချိန်သုံးလခန့် အပါအဝင် ရေဒီယိုသတ္တိကြွမှုကို ထိန်းချုပ်ရန် ခြောက်လခန့်ကြာမြင့်မည်ဖြစ်သည်။* ***(အင်တာနက်)***



အိန္ဒိယ၌ အကြမ်းဖက်တိုက်ခိုက်မှု ရဲတပ်ဖွဲ့ဝင်ခုနစ်ဦးသေဆုံး၊ ခြောက်ဦးဒဏ်ရာရ

နယူးဒေလီ ဧပြီ ၁၇

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း မဏိပူရပြည်နယ်၌ မော်တော်ယာဉ်တန်းတစ်ခုကို သေနတ်သမားများက ပစ်ခတ်တိုက်ခိုက်သဖြင့် ရဲတပ်ဖွဲ့ဝင်ခုနစ်ဦးသေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိသွားသည်။

ဒဏ်ရာရရှိ

မဏိပူရပြည်နယ် အူရူးလ်ခရိုင် ဖန်ယာမြို့နယ်မှ ထွက်ခွာလာသည့် မော်တော်ယာဉ်တန်းကို သေနတ်သမားများက ဧပြီ ၁၆ရက်တွင် တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

မဏိပူရပြည်နယ် မြို့တော် အင်ဖာအရှေ့ဘက် ၃၅ ကီလိုမီတာအကွာရှိ ရီဟာကျေးရွာအနီးတွင် သေနတ်သမားများက အဆိုပါယာဉ်တန်းကို တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ အကြမ်းဖက်သမားများသည်မောင်းပြန်သေနတ်များ ကိုင်ဆောင်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အမည်မဖော်လိုသည့် ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။ (အင်တာနက်)

နှစ်ဆန်းရက်မြတ်ချိန်ခါ ကုသိုလ်ဒါနပြုကြသူဌာ

သတင်းမြင်ကွင်း-ကောင်းမြတ်သူ ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၁၇

ဧပြီ ၁၇ရက်သည်ကား မြန်မာနှစ်ဆန်း တစ်ရက်နေ့ဖြစ်၍ မြန်မာတို့၏ နေ့ထူးနေ့မြတ်ပင်ဖြစ်၏။ မြန်မာနိုင်ငံတစ်ဝန်း စေတီ၊ ပုထိုးကျောင်းကန်များ၌ ကုသိုလ်ဒါန ပြုကြသူများဖြင့် စည်ကားများပြားလှပေသည်။

၁၃၇၃ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်က ရွှေတိဂုံစေတီတော်ရင်ပြင်တွင် ဘုရားဖူးပြည်သူများ၊ ကုသိုလ်ဒါနပြုကြသူများဖြင့် ဤသို့ စည်ကားစွာ တွေ့ရသည်။

ဤသို့ နေ့ထူးနေ့မြတ်အခါ သမယတွင် စေတီ၊ ပုထိုးများ၌ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြသကဲ့သို့ အဘိုးအဘွားများအား ခြေသည်း၊ လက်သည်း လှီးဖြတ်ပေးခြင်း၊ ခေါင်းလျှော်ပေးခြင်းတို့ဖြင့် ကုသိုလ်ဒါနပြုကြသည်လည်းရှိသည်။ ထို့အပြင် စုပေါင်းသွေးလှူဒါန်းပွဲများ ပြုလုပ်ခြင်း၊ သက်လွှတ်ပွဲများကျင်းပခြင်းတို့ဖြင့်လည်း ကုသိုလ်ကောင်းမှု ပြုကြသည်လည်းရှိ၏။

ထိုသို့ ကုသိုလ်ကောင်းမှု ပြုကြရာတွင် မြန်မာ့အလင်း ပရိသတ်များ ကောင်းမှုကုသိုလ် အဖြာဖြာ သာဓုခေါ်ကြနိုင်စေရန် သတင်းအဖွဲ့က သတင်းစုဆောင်းရေးသားတင်ပြလိုက်ပါသည်။

တွေ့ရ

ဦးစွာ ရန်ကုန်မြို့ နှင်းဆီကုန်း ဘိုးဘွားရိပ်သာသို့ ရောက်ခဲ့ရာ အဘိုး၊ အဘွားတို့အား ခြေသည်း၊ လက်သည်း လှီးဖြတ်ပေးခြင်း၊ ခေါင်းလျှော်ပေးခြင်းနှင့် အကျွေးအမွေးဖြင့် ဧည့်ခံခြင်းများ ပြုလုပ်လျက်ရှိသည်ကို တွေ့ရသည်။

"ကျွန်မတို့ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ပျားလုပ်ငန်းဌာန(မင်္ဂလာဒုံ)က နှစ်စဉ် နှစ်တိုင်း နှင်းဆီကုန်းဘိုးဘွားရိပ်သာမှာ အဘိုး၊ အဘွားတွေကို ခြေသည်း၊ လက်သည်း လှီးဖြတ်ပေးတာ၊ ခေါင်းလျှော်ပေးတာ၊ အကျွေးအမွေးနဲ့ ဧည့်ခံကျွေးမွေးတာတို့ ပြုလုပ်ပြီး ကုသိုလ်ဒါနပြုကြပါတယ်။ ဒီနှစ်မှာ တော့ ကျွန်မတို့ ဝန်ထမ်းမိသားစုက အဘိုး၊ အဘွား ၈၀ ကျော်ကို ကုသိုလ် ကောင်းမှုများ ပြုလုပ်ပေးနိုင်ခဲ့ပါတယ်။ အဘိုး၊ အဘွားတွေလိုအပ်တဲ့ ဆေးဝါးအချို့ကိုလည်း လှူဒါန်းပေး ပါတယ်"ဟု ဦးစီးအရာရှိ ဒေါ်မိမိခိုင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

မြန်မာနှစ်ဆန်းတစ်ရက်က ရန်ကုန်မြို့နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် ပြည်သူများ ဘိုးဘွားများအား လက်သည်း၊ ခြေသည်း ညှပ်ပေးခြင်း၊ ခေါင်းလျှော်ပေးခြင်းများဖြင့် ကုသိုလ်ဒါနပြုကြစဉ်။

ကုသိုလ်ကောင်းမှု

နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် အဘိုး၊ အဘွား ၁၉၅ ဦး နေထိုင်လျက်ရှိပြီး အခြားသောကုသိုလ်ပြုအဖွဲ့များကလည်း ကုသိုလ်ကောင်းမှုများ ပြုလုပ်ပေးလျက်ရှိသည်။

ထိုမှ ဆက်လက်၍ သတင်းအဖွဲ့သည် ပွင့်တော်မူပြီးသော ဘုရားလေးဆူ၏ ဓာတ်တော်များ ကိန်းအောင်းစံပယ်တော်မူရာ လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးသို့လည်း ဦးခိုက်ဖူးမြော်ရန် အရောက်လှမ်းခဲ့ပါသည်။

စေတီတော်မြတ်ကြီးသို့ ရောက်သည်ဆိုလျှင်ပင် ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ကြသူများ၊ ပုတီးစိပ်၊ တရားဘာဝနာ ကျင့်ကြံအားထုတ်ကြသူများဖြင့် အထူးစည်ကား လှသည်။ ခေါင်းလောင်းထိုးသံ၊ ကြေးစည်သံ၊ သာဓုအနုမောဒနာခေါ်သံများဖြင့် သာယာကြည်နူးဖွယ် ကောင်းပေစွ။

စုပေါင်းသွေးလှူ

ဤရွှေတိဂုံစေတီတော်မြတ်ကြီး၏ ချမ်းသာကြီး တန်ဆောင်းအတွင်း စုပေါင်း သွေးလှူဒါန်းသည့် မြင်ကွင်းကိုလည်း မြင်တွေ့ခဲ့ရ၍ တစ်ပါးသူများ၏ အသက်ကို သွေးဖြင့် ကယ်တင်ကြသူများအတွက် သာဓုခေါ်ခဲ့ရပါသေးသည်။

"ကျွန်မတို့ ယခုလို နှစ်ဆန်းတစ်ရက်နေ့မှာ စုပေါင်းသွေးလှူဒါန်းခဲ့တာ ယခုနှစ်ဆိုရင်(၁၁)ကြိမ်မြောက်ဖြစ်ပါတယ်။ ဒီနေ့မှာတော့ ရဟန်းရှင်၊ ပြည်သူအပေါင်းတို့ စုပေါင်းသွေးလှူဒါန်းတဲ့ သွေးအိတ်ပေါင်းများစွာရှိပါတယ်။ သွေးအိတ်တွေ အားလုံးကို ရန်ကုန်ဆေးရုံကြီးကို ပို့ပေးပါတယ်"ဟုရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့မှ ဌာနမှူး ဒေါ်တင်တင်အေးက ပြောကြားသည်။

၁၃၇၃ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်က မဟာဝိဇယစေတီတော် ရင်ပြင်တွင် ဘုရားဖူးပြည်သူများ စည်ကားစွာ တွေ့ရစဉ်။

ထို့အပြင် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အနောက်ဘက်စောင်းတန်းရှိ ရေကန်၌ သက်လွှတ်ပွဲများ ကျင်းပခဲ့ရာ ငါးအကောင် ၂၂၀၀၀ကျော်နှင့်ငှက် အကောင် ၂၀၀၀ကျော် လွှတ်ပေးခဲ့ကြောင်း သိရသည်။

ရွှေတိဂုံစေတီတော် ချမ်းသာကြီးတန်ဆောင်း၌ ဘုရားဖူးပြည်သူများ သွေးလှူနေကြသည့်မြင်ကွင်း....။

သက်လွှတ်ပွဲ

အလားတူ မဟာဝိဇယစေတီတော်၊ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော် ဦးစေတီတော်၊ ကမ္ဘာအေးစေတီတို့တွင်လည်း ဘုရားဖူးလာပြည်သူအပေါင်းက သက်လွှတ်ပွဲများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သို့ပါ၍ ဤနှစ်သစ်ကူး မြန်မာနှစ်ဆန်းတစ်ရက်နေ့သည် မြန်မာပြည်သူ ပြည်သားအပေါင်းတို့၏ ကုသိုလ်ကောင်းမှုအဖြာဖြာပြုကြသည့်နေ့ဖြစ်ခြင်းကြောင့် ထိုကုသိုလ်ကောင်းမှုများကို အခြေပြုလျက် ဤနေ့ ဤရက်မှစ၍ လိုရာဆန္ဒပြည့်ဝကြပါစေကြောင်းဆုမွန်ကောင်းတောင်းလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

လက်တွေ့မီးငြိမ်းသတ်ရေးသရုပ်ပြ

ရန်ကုန် ဧပြီ ၁၇

မြန်မာ့သစ်လုပ်ငန်း အင်ဂျင်နီယာဌာန ရေယာဉ်နှင့် ပို့ဆောင်ရေးဌာနစိတ်၊ ပင်မစက်ပြင် အလုပ်ရုံ (သစ်စက်)နှင့် မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ သစ်စက်ဝန်ထမ်းများနှင့် မိသားစုဝင်များအား မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြခြင်းကို ဧပြီ ၈ ရက် မွန်းလွဲ ၂ နာရီက အဆိုပါစက်ရုံဝင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထို့နောက် မီးသတ်ဦးစီးဌာန စမ်းချောင်းမြို့နယ် ဇုန်နယ်မြေမှူးရဲဗလ ဦးစောထွန်းက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဟောပြောသည်။

ထို့နောက် ကြည့်မြင်တိုင်မြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသန်းထက်အောင်နှင့်အဖွဲ့က မိသားစုဝင်များကို တစ်ဦးချင်း အရေးပေါ် မီးငြိမ်းသတ်နည်းများဖြင့် လက်တွေ့သရုပ်ပြသခဲ့ကြကြောင်း သိရှိရသည်။

(အပေါ်ပုံ) (မြို့နယ်မီးသတ်)

မြန်မာ့အလင်း **မှူခင်းသတင်းပဒေသာ**

မဆင်မခြင်မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုဖြစ်

မန္တလေး ဧပြီ ၁၇

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၃၇ လမ်း ၇၃×၇၄ လမ်းကြားတွင် ဧပြီ ၁၃ ရက် မဟာသင်္ကြန်အကြိုနေ့ ည ၉ နာရီခန့်က အရှိန်ပြင်းစွာ မဆင်မခြင်မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးကြောင့် ယာဉ်တိုက်မှုဖြစ်ကာ ဓာတ်တိုင်ကိုပါ ဝင်တိုက်ခဲ့သဖြင့် ဓာတ်တိုင်ကျိုးကာ နေရာအချို့တွင် လျှပ်စစ်မီးများ ခေတ္တပြတ်တောက်သွားခဲ့သည်။

ဝင်ရောက်တိုက်မိ

ဖြစ်ပွားပုံမှာ မန္တလေး မဟာအောင်မြေမြို့နယ် စကြာနွယ်စဉ်ရပ်နေ ကိုသောင်းဝင်းညိမ်း မောင်းနှင်လာသည့် ယာဉ်အမှတ် ၃ဂ/---- သည် ၃၇ လမ်းအတိုင်း ၇၃ လမ်းမှ ၇၄ လမ်းဘက်သို့ အရှိန်ပြင်းစွာ မဆင်မခြင်မောင်းနှင်လာပြီး ၇၄ လမ်းမှ ၇၃ လမ်းဘက်သို့ မျက်နှာချင်းဆိုင် မောင်းနှင်လာသော ဂျစ်ကားတစ်စီးအား ဝင်ရောက်တိုက်မိပြီး ယာဉ်ကြောပြောင်းပြန်ဘက်ရှိ လျှပ်စစ်ဓာတ်တိုင်ကို ဝင်တိုက်သဖြင့် ဓာတ်တိုင် ကျိုးကျပျက်စီးသွားပြီး လျှပ်စစ်မီးများပြတ်တောက်ခဲ့သည့်အပြင် ဆံပင်အလှပြင်ဆိုင်ရှေ့တွင် ရပ်ထားသည့် ဆိုင်ကယ်တစ်စီးကိုပါ ထပ်တိုက်လိုက်သဖြင့် ဆိုင်ကယ် ပျက်စီးသွားသည်။

ပြန်လည်စိုက်ထူ

အဆိုပါကျိုးကျပျက်စီးသွားသည့် လျှပ်စစ်ဓာတ်တိုင်အား ချမ်းအေးသာစံမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့မှ လျှပ်စစ်ဝန်ထမ်းများက ညတွင်း ချင်း ဖယ်ရှားပြီး ဓာတ်တိုင်အသစ် ပြန်လည်စိုက်ထူခြင်း၊ လျှပ်စစ်မီးလိုင်း များ ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ပေးမှုကြောင့် ည ၁၁ နာရီ ၄၃ မိနစ်တွင် လျှပ်စစ်မီးများ ပုံမှန်ပြန်လည်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ (၀၃၈)

အုတ်သယ် ဂွန်ဒေါင်းယာဉ် မြောင်းထဲ နောက်ပြန်ကျ

လက်ပံတန်း ဧပြီ ၁၇

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ ကျွဲနစ်ကျေးရွာတွင် ဧပြီ ၁၄ ရက် ည ၈ နာရီခန့်က ချမ်းသာမြို့သစ် ၄ လမ်း မင်းလှမြို့နေ ဦးကျော်ကျော် (ဘ) ဦးဘိုးဆောင်း မောင်းနှင်လာသည့် ဂွန်ဒေါင်းယာဉ်သည် ရေလွှဲမြောင်း တည်ဆောက်နေသည့်နေရာသို့ အုတ်ခဲချရန် ကားနောက်ဆုတ်ရာ ရေလွှဲမြောင်းထဲသို့ အရှိန် မထိန်းနိုင်ဘဲ ကျသွားသည်။ ဂွန်ဒေါင်းယာဉ်ပေါ်ပါလာသည့် ညောင်ပြားရွာ အိုးသည်ကုန်း အုတ်ဖိုမြို့နေသူ မအေးသန္တာ (ဘ) ဦးကံမြင့်မှာ ဦးခေါင်းတွင် ဒဏ်ရာရရှိပြီး ယာဉ်မောင်း ဦးကျော်ကျော်မှာလည်း ခြေထောက်တွင် ဒဏ်ရာရရှိသဖြင့် သာယာဝတီဆေးရုံသို့ ပို့ဆောင်လိုက်သည်။ ယာဉ်တိမ်းမှောက်မှုနှင့် ပတ်သက်၍ လက်ပံတန်းရဲစခန်းမှ အရေးယူဆောင်ရွက်နေကြောင်း သိရှိရသည်။ (၀၉၈)

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဧပြီ ၁၇

စာကြည့်တိုက် အဆောက်အအုံသစ် ခရမ်းမြို့နယ် ကမာမတ်ကျေးရွာ၌ဖွင့်

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကမာမတ်ကျေးရွာတွင် ဘဝအလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၅ ရက် နံနက် ၈ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အိစာလှိုင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်လွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ယာပုံ)

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက သုတရသ စာအုပ်စာစောင်များ၊ မြို့နယ်ဦးစီးမှူးက သုတရသ စာအုပ်စာစောင်များနှင့် ရေဒီယို တစ်လုံး၊ ကျေးရွာအလှူရှင်များက ဗီရိုလေးလုံး၊ စားပွဲနှစ်လုံး၊ ခုံတန်းရှည်နှစ်လုံး၊ ကုလားထိုင်နှစ်လုံးနှင့် စာအုပ်စာစောင်များကို ကျေးရွာစာကြည့်တိုက် ကော်မတီဥက္ကဋ္ဌထံသို့ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ပညာအလင်းရောင်စာကြည့်တိုက် ကော့မှူးမြို့နယ်၌ဖွင့်

ကော့မှူးမြို့နယ် ရေကျော်ကျေးရွာအုပ်စု ချောင်းဝကျေးရွာ ပညာအလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၅ ရက်က အဆိုပါ စာကြည့်တိုက်အဆောက်အအုံသစ်ရှေ့၌ကျင်းပရာ ကော့မှူးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးညီညီဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရွှေနှင့် ချောင်းဝကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်ရှိန်တို့က စာကြည့်တိုက်ကို ဖွင့်လှစ်ပေးကြသည်။ (ယာပုံ)

လမ်းပြကြယ်စာကြည့်တိုက် ရွှေပြည်သာမြို့နယ်၌ဖွင့်

ရွှေပြည်သာမြို့နယ် အမှတ်(၁)ရပ်ကွက် လမ်းပြကြယ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၇ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင်ဦးစီးအရာရှိ ဒေါ်ဖြူဖြူ၊ ရွှေပြည်သာမြို့နယ် အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ စာကြည့်တိုက်ကော်မတီနာယက ဒုတိယဗိုလ်မှူးကြီး မောင်မောင်ဝင်း(ငြိမ်း)၊ ဗိုလ်ကြီးမြင့်လွင်(ငြိမ်း)နှင့် အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြသည်။ (ဝဲပုံ)

လက်ခံယူ

အခမ်းအနားတွင် ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်အုံးညွန့်က သုတရသစာအုပ် စာစောင် ၁၀၀ ကို ပေးအပ်လှူဒါန်းရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်က လက်ခံယူသည်။ ထို့နောက် စာကြည့်တိုက် ငွေပဒေသာပင်အတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်က ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဝင် ဦးစန်းဝင်း လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်အဆောက်အအုံသစ် အိမ်မဲမြို့နယ် ကြို့ကုန်းကျေးရွာ၌ဖွင့်

အိမ်မဲမြို့နယ် ကြို့ကုန်းကျေးရွာ ပညာ့အလင်းရောင် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၄ ရက် နံနက် ၉ နာရီက စာကြည့်တိုက် အဆောက်အအုံရှေ့၌ကျင်းပရာ စာကြည့်တိုက်ကို အိမ်မဲမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်း၊ မြောင်းမြခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှကြည်နှင့် ကြို့ကုန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစိုးတင့်တို့က ဖွင့်လှစ်ပေးကြသည်။ (ဝဲပုံ)

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ရီက စာအုပ်စာစောင် ၁၆၀နှင့် ဌာနဆိုင်ရာများက စာအုပ်စာစောင် ၃၅၀ တို့ကိုလှူဒါန်းရာ စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးစိုးတင့်က လက်ခံယူသည်။

အဆိုပါစာကြည့်တိုက်သည် အကျယ် (၂၄×၁၄) ပေရှိပြီး တစ်ထပ်တိုက် သွပ်မိုးဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက စာအုပ်စာစောင် ၁၅၀၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာအုပ်စာစောင် ၁၅၀၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီး ရေးရာအဖွဲ့က စာအုပ်စာစောင် ၁၀၀၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး စံလင်းက သုတရသ စာအုပ် ၅၀၊ မြို့နယ်စီမံကိန်းဦးစီးမှူး ဒေါ်စန္ဒာမြင့်က တစ်နှစ်စာ သတင်းစာနှင့် ရေဒီယိုတစ်လုံးတို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ကော့ကရိတ်ခရိုင် မြပတိုင်ကျေးရွာ ရောင်ခြည်လင်းစာကြည့်တိုက် ဖွင့်ပွဲကို မတ် ၁၅ ရက်က ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုန်၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲညွန့်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမန်းညွန့်တင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

နိုင်ငံတကာလေကြောင်းလိုင်း ၁၄ လိုင်း ပုံမှန်ပျံသန်း ခရီးသည် ဝင်ထွက်မှု ၁ ဒသမ ၂ သန်းရှိ

နေပြည်တော် ဧပြီ ၁၇

မြန်မာနိုင်ငံ၌ လက်ရှိတွင် နိုင်ငံတကာလေကြောင်းလိုင်း ၁၄ လိုင်းမှ ပုံမှန်ခရီးစဉ်များ ပျံသန်းလျက်ရှိပြီး ယခုနှစ်တွင် ခရီးသည်ဝင်ထွက်မှု ၁ ဒသမ ၂ သန်းအထိရှိကာ ယခင်နှစ်ထက် ၂၇ ရာခိုင်နှုန်း ပိုမိုတိုးတက်လာခဲ့သည်။

ထိန်းသိမ်းလမ်းညွှန်

ထို့အတူ မြန်မာနိုင်ငံအပေါ်မှ နေ့စဉ်ဖြတ်သန်းသည့်လေယာဉ်စင်းရေမှာ ၄၂၀ခန့်ရှိပြီး နှစ်စဉ် ဖြတ်သန်းသည့် လေယာဉ်စင်းရေ ၁ ဒသမ ၅ သိန်းအား ဘေးအန္တရာယ်ကင်းရှင်းစွာ ထိန်းသိမ်းလမ်းညွှန်ပေးလျက်ရှိရာ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၃၃ သန်း ဝန်ဆောင်ခအဖြစ် ရရှိခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မတ်လအတွင်း နိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါး အမှုပေါင်း ၂၆၀ တရားခံ ၄၀၅ ဦး ဖမ်းဆီးအရေးယူခဲ့

နေပြည်တော် ဧပြီ ၁၇

၂၀၁၁ခုနှစ် မတ်လအတွင်း နိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါးအမှုပေါင်း ၂၆၀ ဖမ်းဆီးနိုင်ခဲ့ရာ ဘိန်း ၃၃ မှု (အလေးချိန် ၄၄ ဒသမ ၄၉၆၈ ကီလို)၊ ဘိန်းဖြူ ၇၅ မှု (အလေးချိန် ၁ ဒသမ ၉၆၇၂ ကီလို)၊ ဘိန်းဆီ ၁၁ မှု၊ (အလေးချိန် ၁၀ ဒသမ ၅၇၂၂ ကီလို)၊ အဆင့်နိမ့်ဘိန်း ၄၃ မှု (အလေးချိန် ၁၀၈ ဒသမ ၂၃၆၂ ကီလို)၊ ဆေးခြောက် ၁၈ မှု (အလေးချိန် ၆ ဒသမ ၇၄၂၃ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၈ မှု (၁၆၆၄၀၈ ပြား)၊ ဘိန်းစာမှုန့်လေးမှု (အလေးချိန် ၅ ဒသမ ၁၁၅ ကီလို)၊ ဘိန်းရည် တစ်မှု (အလေးချိန် ၁ လစ်တာ)၊ အိုက်(စ်) တစ်မှု (အလေးချိန် ၀ ဒသမ ၀၀၆ ကီလို)၊ ဒိုင်ရာ စီပင် တစ်မှု (၁၆၈၄၀ပြား)၊ ဆူဒိုအက်ဖီဒရင်း တစ်မှု (၅၀ကီလို)၊ မော်ဖင်းထိုးဆေး တစ်မှု (တစ်ပုလင်း)၊ ဓာတုဆေးရည် တစ်မှု (၂၈၅၃ လီတာ)၊ အခြားအမှု တစ်မှု၊ ပျက်တစ်မှု ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

အရေးယူခဲ့

အမှုပေါင်း ၂၆၀ ဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား ၃၃၉ဦး၊ မ ၆၆ ဦး စုစုပေါင်း တရားခံ ၄၀၅ ဦးတို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ABE (U.K) Diploma လက်မှတ်ရ သင်တန်းများဖွင့်မည်

ရန်ကုန် ဧပြီ ၁၇

EVER Up Human Resources Institute သင်တန်းကျောင်းက ကြီးမှူးဖွင့်လှစ်သော အင်္ဂလန်နိုင်ငံအခြေစိုက် The Association of Business Executive (ABE) မှ နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်ရ ဒီပလိုမာသင်တန်းများကို မေလမှ စတင်၍ ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ သင်တန်းတွင် Diploma, Higher Diploma & Graduate Diploma အဆင့်သုံးဆင့် သတ်မှတ် သင်ကြားပေးသွားမည့် အပြင် လုပ်သက်(၁၅)နှစ်ကျော် အတွေ့အကြုံရှိသည့် Australia, USA, UK, Japan ,India မှ ဆရာဆရာမများနှင့် ABE အတွေ့အကြုံရှိသည့် ဆရာတို့က သင်ထောက်ကူပစ္စည်း အစုံအလင်ဖြင့် ပံ့ပိုးကူညီသင်ကြားပေးမည်ဖြစ်သည်။

သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်မေးမြန်းလိုပါက EVER Up Human Resources Institute အခန်းအမှတ်(၄၀၂) MGW Tower ဗိုလ်အောင်ကျော်လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၅၆၅၂၃ နှင့် ၀၉-၇၃၁-၇၅၁၃၇ တို့ထံသို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ကနီမြို့နယ်ဈေးအတွင်း သား၊ ငါးဆိုင်များတွင် ယင်လုံဆန်ခါဖြင့် ရောင်းချမှုနှင့်အလေးချိန်ခွင်မှန်ကန်မှု ရှိ မရှိကို မတ် ၂၅ ရက်က အမှုဆောင်အရာရှိ ဦးတင့်လွင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

❖ *ရွှေဖုံးမှ*

ဇီဝိတဒါန၊ အဘယဒါန၊ အာယုဒါန၊ ဓမ္မဒါန၊ အပစာယန၊ ဝေယျာဝစ္စအစရှိသော ကုသိုလ်အမှုပြုကြသူများ၊ ဥပုသ်သီလ စောင့်ထိန်း

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော်နှင့် ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်တို့ ကမ္ဘာအေး ရေကူး ရေတွန်းစက်ရုံဝင်းရှိ သောက်သုံးရေလှောင်ကန်အတွင်း ပရိတ်ရေများ သွန်းလောင်းပေးကြစဉ်။ (သတင်းစဉ်)

ကြသူများနှင့် စိတ်နှလုံးဖြူစင်စေရန် ဘာဝနာပွားများကြသူများ၏ ပတ္တိဒါန ပတ္တာနုမောဒနာ ကုသိုလ်သံများ၊ သံဃာတော် အရှင်မြတ်တို့၏ ဓမ္မဒေသနာသံများ၊ တရား

နာကြားသူတို့၏ ဓမ္မဿဝနာ အနုမောဒနာသံများဖြင့် ဝေစည်လျက်ရှိရာ ကောင်းမှုမြတ်နိုး ကောင်းအောင်ကြိုး၍ ကောင်းကျိုး ကိုယ်စီတည်တော့မည် ဖြစ်သည်။

အထူးစည်ကား

နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်ကြီး၌ အရုဏ်တက်ချိန်မှစ၍ အရုဏ်ဆွမ်း၊ ဆီမီး၊ ရေချမ်း၊ ပန်း ဆက်ကပ်လှူဒါန်းကြသူများဖြင့် စည်ကားလျက်ရှိပြီး နှစ်ဦးမင်္ဂလာပရိတ်တရားတော်နာ အခမ်းအနားကို ကျင်းပသည်။ ထို့နောက်

စေတီတော်ပရိဝုဏ်ရှိ မာလိနီရေကန်တော်၌ ဇီဝိတဒါန၊ အဘယဒါန၊ အာယုဒါန (ဘေးမဲ့သက်လွှတ်) မင်္ဂလာအခမ်းအနား ကျင်းပပြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန်နှင့် သာသနာရေးဝန်ကြီး

ဌာန ဝန်ကြီးတို့သည် ဝန်ကြီးဌာန၊ နေပြည်တော်တပ်နယ်နှင့် နေပြည်တော်ခရိုင်အတွင်းရှိ မြို့နယ်တို့မှ ဝတ်အသင်း ဖဂ္ဂသင်းတို့နှင့်အတူ ငါးသားပေါက်များကို မာလိနီ

ရေကန်တော်အတွင်း ဘေးမဲ့လွှတ်ကြရာ အထူးစည်ကားလျက်ရှိသည်။

အလားတူ ဓာတုစယ ဓာတ်ပေါင်းစုစေတီတော်နှင့် နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ်ရှိ ဘုရားကိုးဆူ၊ လောကရန်နှိမ်စေတီတော်နှင့် လောကမာရဇိန် စေတီတော်များတွင်လည်း နံနက်အရုဏ်ဦးမှစတင်၍ ဆွမ်း၊ ပန်း၊ ရေချမ်းနှင့် ဆီမီးကပ်လှူ ပူဇော်ကြသူများ၊ ဘုရားဖူးလာကြသူများနှင့် ဘုရားဝေယျာဝစ္စ ကုသိုလ်အမှုပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ပရိဝုဏ်ရှိ မာလိနီမင်္ဂလာရေကန်တော်အတွင်း၌ ဇီဝိတဒါန၊ အဘယဒါန၊ အာယုဒါန(ဘေးမဲ့သက်လွှတ်) မင်္ဂလာအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

ထို့အပြင် နေပြည်တော် ဝန်ထမ်းအိမ်ရာများ၌ နံနက်အရုဏ်မကျင်းမီကပင် ဝန်ထမ်းမိသားစုများ စုပေါင်းကာ ဆရာတော်၊ သံဃာတော်များအား နှစ်ဦးဆွမ်းနှင့် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့အတူ နံနက်ပိုင်းတွင် နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြို့ပေါ်ဝန်းကျင် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ဦးဆောင်ကာ ရပ်ကွက်သူ၊ ရပ်ကွက်သားများ စုပေါင်း၍ ဇီဝိတဒါန စုပေါင်း ငါးလွှတ်ပွဲကို ကျင်းပကြသည်။

ရှေးဦးစွာ ဘုရားကိုးဆူ ဓမ္မာရုံ၌ ကန်နားကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုဏ္ဍက အမှူးပြုသည့် သံဃာတော်များထံမှ ငါးပါးသီလခံယူ ဆောက်တည်၍ အနုမောဒနာတရား နာယူကြကာ ဒါနမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ကန်တော်မင်္ဂလာကန်၌ စုပေါင်းငါးလွှတ် ဇီဝိတဒါန အလှူကို ပြုလုပ်ကြသည်။

ရွှတ်ပွားသရဇ္ဈာယ်

ထို့အပြင် နံနက်ပိုင်းတွင် နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် ရွာကောက်မြို့သစ် ရပ်ကွက်၌ တော်များ ရွှတ်ပွားသရဇ္ဈာယ်ကြသည်။

အလားတူ နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် တောင်သာအုပ်စု တောင်သာရပ်ကွက် မိသားစုများ၏ (၁၂)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ညနေ ၅ နာရီတွင် နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် လေသာကျောင်းတိုက်ရှေ့ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ အကန်တော့ခံ အသက် ၇၅နှစ်အထက် အဘိုးအဘွား ၁၉ဦး တို့အား ဂါရဝပြုကန်တော့ကြပြီး ဂါရဝပစ္စည်းများ ပေးအပ်၍ နှစ်သစ်ဦး ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြသည်။

သီလခံယူ

သာသနာရေးဝန်ကြီးဌာန၏ ဆဋ္ဌမအကြိမ် ပရိတ်တရားတော် ရွှတ်ဖတ် ပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနားကို မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် မင်္ဂလာဇေယျုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ညွှန့် ပရိသတ်များက ငါးပါးသီလ ခံယူ ဆောက်တည်ကြသည်။

မြန်မာနှစ်ဆန်းတစ်ရက်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မြန်မာနှစ်သစ်ကူးရက်မြတ် အန္တရာယ်ကင်းပရိတ်တရားတော် ရွှတ်ဖတ်ပူဇော်ပွဲမင်္ဂလာ အခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ကျင်းပရာ အဘိုးအဘွား ၃၀ တို့အား မြန်မာ့ရိုးရာဓလေ့ထုံးစံနှင့်အညီ ခေါင်းလျှော်ခြင်း၊ ခြေသည်းလက်သည်း လှီးဖြတ်ပေးခြင်း၊ ဂါရဝပြုခြင်း အစရှိသည့် နှစ်သစ်ဦး ကုသိုလ်ကောင်းမှုများကို စိတ်အားထက်သန်စွာ ပြုလုပ်ကြပြီး ညနေပိုင်းတွင် ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်း ပရိတ်တရား

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်၊ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြ သည်။

ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဝန်ထမ်းမိသားစုများက နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ်မှ ဘိုးဘွား ၁၃ ဦး၊ နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ်မှ ဘိုးဘွား ၁၂ ဦးနှင့် ဝန်ထမ်းမိသားစုမှ ဘိုးဘွား ၁၆ ဦး စုစုပေါင်း အသက် ၇၅နှစ်အထက် ဘိုးဘွား ၄၁ ဦး တို့အား ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာနှင့်အညီ ကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။

တက်ရောက်

သမဝါယမ ဝန်ကြီးဌာန ဝန်ကြီးရုံး၌ အန္တရာယ်ကင်းပရိတ်တရားတော်နာကြားပွဲ အခမ်းအနားကို မွန်းလွဲပိုင်းတွင် ကျင်းပရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်နှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ပြီး သံဃာတော်များထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ (၁၂)ကြိမ်မြောက် အဘိုး အဘွားများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ မဟာဝိဇယကုန်းမြေရှိ ပို့ဆောင်ရေး ဝန်ကြီးဌာန ဓမ္မာရုံ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ထွန်းအောင်က အဘိုးအဘွားများအား ပူဇော်ကန်တော့ပွဲ၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ပေးအပ်

ယင်းနောက် ဝန်ထမ်းမိသားစုများ၏ အသက် ၈၀ အထက် အမိ၊ အဖ၊ အဘိုး၊ အဘွားများအား ဝန်ကြီးနှင့်ဇနီး ဒေါ်ဝေဝေနှင့် ပရိသတ်များက ဩကာသကန်တော့ချီးဖြင့် ရှိခိုးကန်တော့ကြပြီး အဘိုးအဘွား ၂၇၄ ဦး အတွက် ဂါရဝပြုပစ္စည်းများနှင့် အလှူငွေ ကျပ် ၂၇ သိန်း လေးသောင်းတို့ကို ပေးအပ်ကြသည်။

ရန်ကုန် မြို့တော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ပရိတ်တရားတော်နာယူခြင်း မင်္ဂလာအခမ်းအနားကို မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသထံမှ ရန်ကုန်မြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်နှင့် ဇနီး ဒေါ်ခင်အေးနွယ်တို့အမှူးပြုသော ပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် မြို့တော်ဝန်နှင့်ဇနီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့် ယင်းတို့၏ ဇနီးများက ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

မြန်မာနှစ်ဆန်းတစ်ရက်က ရွှေဘုန်းပွင့်စေတီတော် ဓမ္မာရုံသစ်ကြီး၌ ဆရာတော်ထံမှ ပရိသတ်များက သီလပေးတရားနာယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ မြို့တော်ဝန်နှင့်ဇနီး အမှူးပြုသော ပရိသတ်တို့က သာဓုအနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် မြို့တော်ဝန်က အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဌာနမှူးထံ ရေလှောင်ကန်များအတွင်း သွန်းလောင်းရန် ပရိတ်ရေများ ပေးအပ်သည်။

ထို့နောက် ရန်ကုန်မြို့နေပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရန် ဆရာတော် သံဃာတော်အရှင်သူမြတ်များ၊ မြို့တော်ဝန်နှင့်ဇနီး၊ တာဝန်ရှိသူများက မရမ်းကုန်းမြို့နယ် ကမ္ဘာအေးရေကူး ရေတွန်းစက်ရုံဝင်းရှိ သောက်သုံး ရေလှောင်ကန်အတွင်းသို့ ပရိတ်ရေများ သွန်းလောင်းပေးကြသည်။

ရန်ကုန်တိုင်းဒေသကြီးရုံး၌ မြန်မာတို့၏ နှစ်သစ်ကူးရက်မြတ် အန္တရာယ်ကင်း ပရိတ်တရားတော် ရွှတ်ဖတ်ပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အဆိုပါရုံးအဆောက်အအုံ၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သဃ်န်းကျွန်းမြို့နယ် စစ်ကိုင်း ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓမ္မာနန္ဒ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်

ကြည်ညိုကြကာ ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွှတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

သွေးလှူဒါန်း

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာ နှစ်သစ်မင်္ဂလာ အခမ်းအနားကို နံနက် ၅ နာရီမှ စတင်၍ ရွှေတိဂုံစေတီတော်၌ ကျင်းပရာ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်း အဖွဲ့ဝင်များ၊ ဘုရားဖူးပြည်သူများက စေတီတော်အား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြပြီး ဇီဝိတဒါန ဘေးမဲ့လွှတ်ပွဲကို ရှင်ဥပဂုတ္တ မင်္ဂလာကန်တော်၌ ကျင်းပသည်။ မွန်းလွဲပိုင်းတွင် ချမ်းသာကြီး တန်ဆောင်း၌ (၁၁) ကြိမ်မြောက် ဒါနဥပပါဒရမီ စုပေါင်းသွေးလှူဒါန်းပွဲကျင်းပသည်။

ယနေ့ (၁၃၇၃)ခု မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ရွှေတိဂုံစေတီတော်သို့ တစ်ဦးချင်းရော၊ မိသားစုလိုက်၊ အစုအဖွဲ့လိုက်ပါ ဘုရားဖူး ကုသိုလ်ကောင်းမှုပြုရန် လာရောက်ကြသူများ အထူးများပြားကာ အသင်းအဖွဲ့များ၊ စက်ရုံများက သောက်ရေသန့်များ၊ အချိုရည်များဖြင့် အလှူဒါနပြုကြပြီး လှိုင်အချိုရည်စက်ရုံ(ရန်ကုန်)က ထုတ်လုပ်သည့် "Sure" အချိုရည် အမျိုးမျိုးကို ရွှေတိဂုံစေတီတော် အရှေ့ဘက်နှင့် အနောက်ဘက်စောင်းတန်းတို့၌ အာဟာရ ဒါနပြုကြသည်ကို တွေ့ရသည်။

စည်ကား

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်၌လည်း

ဘုရားဖူးလာ ပြည်သူများက စေတီတော်နှင့် ဆံတော်တိုက်၊ နန်းဦးတန်ဆောင်းတို့အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသည့် ဗုဒ္ဓရုပ်ပွားတော်များအား ဆွမ်း၊ သစ်သီး၊ ရေချမ်း၊

ကြည်ညိုကြကာ ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

သွေးလှူဒါန်း

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာ နှစ်သစ်မင်္ဂလာ အခမ်းအနားကို နံနက် ၅ နာရီမှ စတင်၍ ရွှေတိဂုံစေတီတော်၌ ကျင်းပရာ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်း အဖွဲ့ဝင်များ၊ ဘုရားဖူးပြည်သူများက စေတီတော်အား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြပြီး ဇီဝိတဒါန ဘေးမဲ့လွှတ်ပွဲကို ရှင်ဥပဂုတ္တ မင်္ဂလာကန်တော်၌ ကျင်းပသည်။ မွန်းလွဲပိုင်းတွင် ချမ်းသာကြီး တန်ဆောင်း၌ (၁၁) ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်း

သွေးလှူဒါန်းပွဲကျင်းပသည်။

ယနေ့ (၁၃၇၃)ခု မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ရွှေတိဂုံစေတီတော်သို့ တစ်ဦးချင်းရော၊ မိသားစုလိုက်၊ အစုအဖွဲ့လိုက်ပါ ဘုရားဖူး ကုသိုလ်ကောင်းမှုပြုရန် လာရောက်ကြသူများ အထူးများပြားကာ အသင်းအဖွဲ့များ၊ စက်ရုံများက သောက်ရေသန့်များ၊ အချိုရည်များဖြင့် အလှူဒါနပြုကြပြီး လှိုင်အချိုရည်စက်ရုံ(ရန်ကုန်)က ထုတ်လုပ်သည့် "Sure" အချိုရည် အမျိုးမျိုးကို ရွှေတိဂုံစေတီတော် အရှေ့ဘက်နှင့် အနောက်ဘက်စောင်းတန်းတို့၌ အာဟာရ ဒါနပြုကြသည်ကို တွေ့ရသည်။

စည်ကား

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်၌လည်း ဘုရားဖူးလာ ပြည်သူများက စေတီတော်နှင့် ဆံတော်တိုက်၊ နန်းဦးတန်ဆောင်းတို့အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသည့် ဗုဒ္ဓရုပ်ပွားတော်များအား ဆွမ်း၊ သစ်သီး၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ဆက်ကပ်လှူဒါန်း ပူဇော်ကန်တော့ကြကာ ကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိသည်။

ဆူးလေစေတီတော်၌ ဘုရားဖူးလာပြည်သူများသည် စေတီတော်နှင့် စေတီတော်ရင်ပြင်ရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဆွမ်း၊ ပန်း၊ ရေချမ်းနှင့် ဆီမီးများဖြင့် ဆက်ကပ်လှူဒါန်း ပူဇော် ကန်တော့ကြသည့်အပြင် အမွှေးနံ့သာရည် တို့ဖြင့်လည်း ပက်ဖျန်းပူဇော်ကြသည်။

ဓမ္မရက္ခိတကုန်းတော်ပေါ်ရှိ မဟာဝိဇယစေတီတော် ဂန္ဓကုဋိတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်အား ဘာနုရာဇာနေမင်းသည် နံနက် ၈ နာရီ ၃၅ မိနစ်တွင် တစ်ကြိမ်၊ ညနေ ၃ နာရီ ၂၅ မိနစ်တွင် တစ်ကြိမ် ဦးတိုက် ပူဇော်ရာ ဘုရားဖူးလာ ပြည်သူများ အထူးများပြားစွာ လာရောက်ကြည်ညိုကြသည်ကို တွေ့ရသည်။

ဝရဒါဌာ ဓာတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)၌ နံနက် ၈ နာရီတွင် စေတီတော် ဂန္ဓကုဋိတိုက်၌ ဆရာတော် သံဃာတော်ငါးပါးအား ပင့်ဖိတ်၍ ငါးပါးသီလခံယူဆောက်တည်ကာ ပရိတ်တရားတော် နာယူကြပြီး တေရသမ အကြိမ်မြောက် ဇီဝိတဒါနငါးလွှတ်ပွဲကို နံနက် ၉ နာရီခွဲတွင် စေတီတော်ပရိဝုဏ်အတွင်းရှိ မင်္ဂလာကန်တော်၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်း အဖွဲ့ဝင်များ၊ ဘုရားဖူးများက ငါးကောင်ရေ တစ်သိန်းကျော်ကို ဇီဝိတဒါနလွှတ် ကုသိုလ်ပြုကြသည်။

မြန်မာနှစ်ဆန်းတစ်ရက်က ရွှေဘုန်းပွင့်စေတီတော်၌ စာကလေးများကို ဇီဝိတဒါနဘေးမဲ့လွှတ်၍ ကုသိုလ်ပြုကြစဉ်။ (သတင်းစဉ်)

စုပေါင်းရွတ်ဆို

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ ၁၃၇၃ ခုနှစ် နှစ်သစ်မင်္ဂလာ အခမ်းအနားကို မွန်းလွဲ ၁ နာရီတွင် စေတီတော်အာရုံခံ တန်ဆောင်း၌ ကျင်းပပြီး မင်္ဂလသုတ်ပါဠိတော်ကို စုပေါင်း ရွတ်ဆိုပူဇော်ကြသည်။ ဘုရားဖူးလာပြည်သူများကလည်း ငှက်များအား ဇီဝိတဒါန ဘေးမဲ့လွှတ်ကြရာ စေတီတော်ပရိဝုဏ်အတွင်း အထူးစည်ကားလျက်ရှိသည်။

မြောက်ဥက္ကလာပ မြို့နယ်ရှိ ဆုတောင်းပြည့် မယ်လမုစေတီတော်၌ နံနက်ပိုင်းမှ စတင်ကာ ဘုရားဖူး ပြည်သူများက စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော်များအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများ ဆက်ကပ်ပူဇော်ကြပြီး အလှူရှင်များက ဘုရားဖူးလာကြသူများအား အချိုရည်များဖြင့် အာဟာရဒါန ကုသိုလ်ပြုကြသည်။

စတုဒိသာလှူဒါန်း

ရွှေဘုန်းပွင့်စေတီတော် ဓမ္မာရုံ သစ်ကြီး၌ ပုဇွန်တောင်မြို့နယ် လုံးဆိုင်ရာ (၁၁)ကြိမ်မြောက် သင်္ကြန်ကြီးပူဇော်ပွဲကို နံနက်ပိုင်းတွင် ကျင်းပရာ အဘိုး၊ အဘွားများအား စုပေါင်းကန်တော့ကြပြီး သီရိမင်္ဂလာကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဉာဏိဿရထံမှ ပရိသတ်များက သီလပေးတရားနာယူ ဆောက်တည်ကြသည်။ ထို့အတူ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့်ဇနီး ဒေါ်မာလာဝင်းတို့က စာကလေးအကောင် ၁၀၀၀ ကို ဇီဝိတဒါနကုသိုလ်ပြုဘေးမဲ့လွှတ်ကြသကဲ့သို့ ညနေပိုင်းတွင် ဂေါပကအဖွဲ့ ဥက္ကဋ္ဌဦးတင့်လွင် ကြီးမှူး၍ စာကလေးအကောင် ၁၅၀၀ ကို ဇီဝိတဒါန ဘေးမဲ့လွှတ်ကုသိုလ်ပြုကြ၍ အချိုရည်၊ ရေသန့်ဘူးများကို စတုဒိသာ တိုက်ကျွေးလှူဒါန်းကြသည်။

ရန်ကုန်မြို့ရှိ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ ကိုးထပ်ကြီး၊ သဃ်ာန်းကျွန်းမြို့နယ် ကျိုက္ကစံစေတီတော်၊ သာကေတမြို့နယ် ဓိနမာရ်အောင်စေတီတော်၊ တောင်ဥက္ကလာပမြို့နယ်ရှိ ဥက္ကလာပစေတီတော်၊ ရန်ကင်းမြို့နယ် မိုးကောင်းဘုရား၊ မင်္ဂလာဒုံမြို့နယ် ကျိုက္ကလို့၊ ကျိုက္ကလွဲစေတီတော်၊ ဒဂုံမြို့သစ် မြို့ဦးစေတီ၊ သုဝဏ္ဏမြို့ဦးစေတီ၊ သန်လျင်မြို့နယ် ရေလယ်ကျောက်တန်း ကျိုက်မှော်ဝန်းစေတီတော်နှင့် ကျိုက်ခေါက်စေတီတော်၊ ခရမ်းမြို့နယ် ကြေးသွန်းဘုရားစသည့် ဘုရားစေတီများ၌ ဒါန၊ သီလ၊ ဘာဝနာမှုပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ထို့အတူ ဌာနဆိုင်ရာရုံးများ၌ နှစ်သစ်မင်္ဂလာအခါတော်နေ့ အထိမ်းအမှတ်အဖြစ် အန္တရာယ်ကင်းပရိတ်တရားတော် ရွတ်ဖတ်ခြင်း အခမ်းအနားများ ကျင်းပကြပြီး ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်း လုပ်ငန်း (ရန်ကုန်ရုံး) အစည်းအဝေးခန်းမ၌ ဒဂုံမြို့နယ် ဒဂုံပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်ငါးပါးတို့က အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

နှစ်ဆန်း တစ်ရက်နေ့တွင် ရန်ကုန်မြို့၌ မော်တော်ယာဉ်လိုင်းများအားလုံး ပြန်လည်ပြေးဆွဲပြီး မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှု ဗဟိုကော်မတီအောက်ရှိ ယာဉ်လိုင်းများသည် နံနက်ပိုင်းတွင် သံဃာတော်များအား မော်တော်ယာဉ်ဖြင့် ပင့်ဆောင်၍ မိမိတို့သက်ဆိုင်ရာ ယာဉ်လိုင်း တစ်လျှောက် အန္တရာယ်ကင်းပရိတ်များ ရွတ်ဖတ်ကြသည်။

ရန်ကုန်မြို့ရှိ ဘုရား၊ စေတီ၊ ကျောင်းကန်များ၊ ဓမ္မာရုံများ၌ သီလဆောက်တည်ကြကာ ဘာဝနာတရား ပွားများအားထုတ်ကြခြင်း၊ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ရေသပ္ပာယ်ခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ နံ့သာများဖြင့် ပူဇော်ခြင်း၊ စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်း၊ ဇီဝိတဒါန ပါရမီအဖြစ် သွေးလှူခြင်း၊ နှစ်ကျိပ်ရှစ်ဆူပူဇော်ပွဲများ ကျင်းပခြင်း၊ သံဃာတော်များအား ဆွမ်းဆက်ကပ် လှူဒါန်းခြင်းတို့ကို ပြုလုပ်ကြသကဲ့သို့ ဘိုးဘွားများအားလည်း ပူဇော်ကန်တော့ခြင်း၊ ခြေသည်းလက်သည်းညှပ်ပေးခြင်း၊ ခေါင်းလျှော်ပေးခြင်း စသည့် နှစ်ဆန်းတစ်ရက် ကုသိုလ်ကောင်းမှုများကို မြို့နယ်နှင့်ရပ်ကွက် အသီးသီးတို့၌ ပြုလုပ်ကြသည်။

မြန်မာနှစ်ဆန်း တစ်ရက် နှစ်သစ်မင်္ဂလာအခါတော်နေ့တွင် နံနက် အရုဏ်တက်ချိန်မှစ၍ မန္တလေးမြို့ပေါ်ရှိ တန်ခိုးကြီး ဘုရားပုထိုးစေတီတော်များ၌ လည်းကောင်း၊ မြို့နယ်ရပ်ကွက်များရှိ ဓမ္မာရုံများ၌ လည်းကောင်း ဒါနကုသိုလ်ကောင်းမှု ပြုကြသူများ၊ သင်္ကြန်ကြီးပူဇော်ပွဲများ ပြုလုပ်ကြပြီး ညနေပိုင်းတွင် ရပ်ကွက်အသီးသီး၌ အန္တရာယ်ကင်း ပရိတ်ရွတ်ပွဲများ ကျင်းပကြသည်။

မြန်မာနှစ်ဆန်းတစ်ရက်က ရွှေတိဂုံစေတီတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသူများကို တွေ့ရစဉ်။ (သတင်းစဉ်)

ကပ်လှူ

နံနက် ၄ နာရီခွဲတွင် မန္တလေးမြို့ မဟာမုနိ ရုပ်ရှင်တော်မြတ်အား တောင်ပြင်ထီးလင်းတိုက် သဲကုန်းကျောင်း ရေတော်ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥက္ကဋ္ဌ အမှူးပြု၍ မျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး ရွှေသင်္ကန်းကပ်လှူကာ ဆွမ်း ပန်း ရေချမ်းကပ်လှူ ပူဇော်ကြကာ ရဟန်းရှင်လူပြည်သူများက ရွှေသင်္ကန်းကပ်လှူခြင်း၊ ဆီမီးပူဇော်ခြင်း၊ စတုဒိသာဒါနပြုခြင်း၊ ကျွဲနွားကျေးငှက်နှင့် ငါးဘေးမဲ့လွှတ်ခြင်း၊ ခုနစ်နေ့နံဘုရားများတွင် ရေသပ္ပာယ်ခြင်း၊ ဇီဝိတဒါနပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။ ထို့အတူ ဆေးရုံ၊ သားဖွားခန်းနှင့် သွေးလှူဘဏ်များ၌ ဒါနဥပပါရမီအဖြစ် သွေးလှူခြင်း၊ အစာကျွေးခြင်း စသည့်ကုသိုလ်ကောင်းမှု ပြုသူများဖြင့် စည်ကားလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး ငါးလွှတ်ပွဲ၊ ငှက်လွှတ်ပွဲကို နံနက် ၇ နာရီခွဲတွင် ကျုံးတောင်ဘက် မန္တလေးမြို့တော် စည်ပင်သာယာရေးရုံးရှေ့ ကျုံးနံဘေးတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ဇနီးဒေါ်မြတ်ငွေတို့ ဦးဆောင်၍ တက်ရောက်လာကြသူများက ကျုံးအတွင်းသို့ ရွှေဝါငါးကြင်း သားပေါက်ကောင်ရေ နှစ်သိန်းကိုလည်းကောင်း၊ မြို့တော်ခန်းမရှေ့၌ ငှက်အကောင် ၂၀၀ ကျော်ကို လည်းကောင်း တပျော်တပါး စုပေါင်း၍ ဇီဝိတဒါနအဖြစ် ဘေးမဲ့လွှတ် ကုသိုလ်ပြုကြသည်။ ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် မြို့တော်ခန်းမ၌ သင်္ကြန်ကြီးပူဇော်ပွဲ ကျင်းပရာ ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က ပူဇော်ပွဲကျင်းပခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တက်ရောက်ကြသူများနှင့် အတူ ဘိုးဘွားများအား ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ကာ အသက်(၉၀) နှင့်အထက် ဘိုးဘွား ၅၇ ဦးတို့အား တစ်ဦးလျှင် အလှူငွေကျပ် ငါးသောင်း ငါးထောင်စီနှင့် ဂါရဝပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

သွန်းလောင်း

ထို့နောက် မွန်းလွဲပိုင်းတွင် မြို့တော်ခန်းမ၌ ဆရာတော် သံဃာတော်များအား ပင့်ဖိတ်၍ အန္တရာယ်ကင်း ပရိတ်နာယူပွဲ ကျင်းပပြီး မြို့တော်ခန်းမရှေ့၌ ငှက်များကို လည်းကောင်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ရုံးရှေ့ ၂၆ လမ်း ကျုံးဘေးတွင် ငါးသားပေါက်များကို ကျုံးအတွင်းသို့ လည်းကောင်း ဇီဝိတဒါနအဖြစ် ဘေးမဲ့လွှတ်၍ ကုသိုလ်ပြုကြပြီး ပြည်သူများ အန္တရာယ်ကင်းရှင်းစေရန် ရေနှင့်သန့်ရှင်းရေးဌာန ရေတွန်းစက်ရုံများသို့ သွားရောက်ကာ ရေလှောင်ကန်များအတွင်းသို့ အန္တရာယ်ကင်း ပရိတ်ရေများ သွန်းလောင်းပေးကြသည်။

အလားတူ ညနေ ၆ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွား သတင်းစာတိုက် (မန္တလေး)၌ ဝန်ထမ်းမိသားစုများ၏ အန္တရာယ်ကင်းပရိတ်တရားတော် နာယူပူဇော်ပွဲကို ကျင်းပရာ အောင်မြေသာစံမြို့နယ် ဥသျှစ်ကုန်းကျောင်း ဆရာတော်အမှူးပြုသော ဆရာတော် သံဃာတော်များက အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ပွား သရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ရှိခိုးကန်တော့

စစ်ကိုင်းတိုင်းဒေသကြီး သက်ကြီး ဘိုးဘွားများ ပူဇော်ကန်တော့ပွဲ အခမ်းအနားကို နံနက် ၉ နာရီတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် ဇနီး ဒေါ်ဝေဝေခိုင်တို့ အမှူးပြုသော ပရိသတ်များက သက်ကြီး ဘိုးဘွားများအား မြန်မာ့ရိုးရာထုံးတမ်းနှင့်အညီ ရှိခိုးကန်တော့ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့က အသက်အကြီးဆုံး အဘိုး ဦးဘိုနှင့် အသက်အကြီးဆုံး အဘွား ဒေါ်တင်ရီတို့အား လှူဖွယ် ဝတ္ထုပစ္စည်းများကို လက်ရောက်လှူဒါန်းကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် ဇနီး ဒေါ်ဝေဝေခိုင်တို့ သက်ကြီးဘိုးဘွားများအား လှူဖွယ်ဝတ္ထုပစ္စည်းများကို လက်ရောက်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ဆက်လက်၍ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ မြို့မိ မြို့ဖများ၊ လုပ်ငန်းရှင်များက အဘိုးအဘွားများအား လှူဖွယ်ဝတ္ထုပစ္စည်းများကို လက်ရောက်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် မုံရွာမြို့ရှိ ဇောတိကာရာမကျောင်းတိုက်၊ ဥက္ကံတောရကျောင်းတိုက်နှင့် အသောကာရုံ ကျောင်းတိုက်များသို့ သွားရောက်၍ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင်

ကမ္ဘာကျော်မင်းသားဂျက်ကီချန်း တေးအယ်လ်ဘမ်ထုတ်မည်

ပေကျင်း ဧပြီ ၁၇

ကမ္ဘာကျော်ရုပ်ရှင်မင်းသားဂျက်ကီချန်း (အပေါ်ပုံ)**သည် ရုပ်ရှင်လောကတွင် အောင်မြင်ကျော်ကြားသည့် သရုပ်ဆောင်တစ်ဦးဖြစ်ရုံသာမက ဂီတဘက်တွင်လည်း သီဆိုဖျော်ဖြေမှုများဖြင့် တရုတ်ပရိသတ်များအကြား ရေပန်းစားနေဆဲဖြစ်သည်။**

သီဆိုထား

ယခုအခါ ဂျက်ကီချန်းနှင့် အဆိုတော်လျူယွမ်ယွမ်တို့သည် The People Life အမည်ရှိ တေးအယ်လ်ဘမ်ထွက်ရှိရန် ပြင်ဆင်လျက်ရှိသည်။ ယင်းတေးအယ်လ်ဘမ်သည် အမှတ်တရ တေးစုများဖြစ်ပြီး တရုတ်ကွန်မြူနစ် ပါတီထူထောင်သည့် နှစ်(၉၀) ပြည့် အထိမ်းအမှတ်အဖြစ် သီဆိုထားခြင်း ဖြစ်သည်။

ရေးဖွဲ့သီဆို

ဂျက်ကီချန်း၏ တေးအယ်လ်ဘမ်တွင် သီချင်းအမျိုးအစားများစွာ ပါဝင်ပြီး အထူးသဖြင့် တရုတ်လူမျိုးတို့၏ ခံစားချက်များနှင့် တရုတ်လူမျိုးများ၏ မြင့်မြတ်ကောင်းမွန်သော စိတ်ဓာတ်ကိုဖော်ပြထားသည့် သီချင်းများ ပါဝင်သည်။

ကျန်းမာရေးကောင်း

ပြီးခဲ့သည့်လက ဂျက်ကီချန်း နှလုံးရောဂါဖြင့် သေဆုံးခဲ့ပြီဟူသော သတင်းများ ထွက်ပေါ်ခဲ့သည်။ သို့သော်လည်း လက်တွေ့၌ မှန်ကန်ခြင်းမရှိကြောင်း၊ ကျန်းမာရေးကောင်းမွန်စွာဖြင့် နေထိုင်လျက်ရှိကြောင်း သိရသည်။

နားဆင်ရမည်

အသက် ၅၆ နှစ် အရွယ်ရှိ ဂျက်ကီချန်းသည် ရုပ်ရှင်သာမက တေးဂီတတွင်လည်း ထူးချွန်မှုရှိပြီး ၎င်း၏တေးအယ်လ်ဘမ်ပါ သီချင်းများကို မကြာမီ နားဆင်ကြရတော့မည်ဖြစ်သည်။ **(အင်တာနက်)**

တောင်ကိုရီးယားမင်းသား လီဟောင်ကီနှင့် ဂျပန်ရုပ်ရှင်မင်းသမီး အီချီကာဝါယူရီတို့ ပူးတွဲသရုပ်ဆောင်မည်

တိုကျို ဧပြီ ၁၇

တောင်ကိုရီးယား ရုပ်ရှင်မင်းသား လီဟောင်ကီနှင့် ဂျပန်ရုပ်ရှင်မင်းသမီး အီချီကာဝါယူရီတို့ မကြာမီအချိန်အတွင်း Muscle Girl အမည်ရှိ ရုပ်ရှင်ဇာတ်ကား၌ ပူးတွဲပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ကြောင်း ဧပြီ ၁၇ ရက်၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ၎င်းတို့က ပြောကြားသည်။

ပထမဆုံးအကြိမ်

လီဟောင်ကီသည် ဂျပန်ရုပ်ရှင်မင်းသမီးတစ်ဦးနှင့်အတူ ဂျပန်ရုပ်ရှင်ကားတစ်ကား၌ ပါဝင်သရုပ်ဆောင်ခြင်းမှာ ပထမဆုံးအကြိမ်ပင်ဖြစ်သည်။ တိုကျိုမြို့၌ ပြုလုပ်သည့် မီဒီယာတွေ့ဆုံပွဲ၌ မိမိအနေဖြင့် ဂျပန်ပရိသတ်များအတွက် အစွမ်းကုန် သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း လီဟောင်ကီက ပြောကြားသည်။

ယခုဇာတ်ကားသည် ဒရာမာဇာတ်လမ်းဖြစ်ပြီး အားကစားနှင့် ဒရာမာကို ပေါင်းစပ်ကာ ဇာတ်အိမ်ဖွဲ့ထားသည်။ ဇာတ်ဝင်ခန်း အများအပြားမှာ နံနက်စောစောပိုင်း ရိုက်ကူးရမည်ဖြစ်ရာ ဂျပန်ရုပ်ရှင်မင်းသမီး အီချီကာဝါယူရီက မိမိသည် နံနက်စောစော အိပ်ရာမှ နိုးတတ်သူမဟုတ်သဖြင့် အခက်အခဲ တွေ့ရကြောင်း၊ သို့သော်လည်း ကြိုးစားပြီး သရုပ်ဆောင်သွားမည်ဖြစ်ကြောင်းပြောကြားသည်။

တောင်ကိုရီးယားမင်းသားလီဟောင်ကီ (ဝဲ)နှင့် ဂျပန်ရုပ်ရှင်မင်းသမီး အီချီကာဝါယူရီတို့အား တွေ့ရစဉ်။

ဂျပန်ရုပ်ရှင်မင်းသမီး အီချီကာဝါအနေဖြင့်လည်း တောင်ကိုရီးယား ရုပ်ရှင်မင်းသား တစ်ဦးနှင့်တွဲပြီး သရုပ်ဆောင်ရမှုမှာ ပထမဆုံးအကြိမ်ပင်ဖြစ်သည်။ ထို့ကြောင့် ယခုရုပ်ရှင်ဇာတ်ကားသည်ဂျပန်နိုင်ငံတွင်သာမက တောင်ကိုရီးယား အပါအဝင် အာရှပရိသတ်များ အကြိုက်တွေ့မည့် ရုပ်ရှင်ဇာတ်ကားဖြစ်လာမည်ဟု မျှော်လင့်ထားကြသည်။

တောင်ကိုရီးယား သရုပ်ဆောင် လီဟောင်ကီအနေဖြင့်လည်း ယခုအခါ ဂျပန်စကားသင်နေသလိုဂျပန်ရုပ်ရှင်မင်းသမီးအီချီကာဝါကလည်း တောင်ကိုရီးယားစကားပြောတတ်ရန် လေ့လာသင်ကြားနေပြီဖြစ်သည်။

လီဟောင်ကီသည် အဆိုတော်တစ်ဦးလည်းဖြစ်ရာ ဂျပန်ဂီတပရိသတ်အတွက် တေးသီချင်းအယ်လ်ဘမ်တစ်ခုကိုလည်း လာမည့် မေ ၁၈ရက်၌ဖြန့်ချိနိုင်ရန် အသင့်စီစဉ်ထားပြီးဖြစ်သည်။ ယင်းတေးအယ်လ်ဘမ်၌ Haruka နှင့် Itsuka သီချင်းတို့ကို ဂျပန်ပရိသတ်အတွက် ခံစားမှုအပြည့်နှင့် သီဆိုထားသည်။ **(အင်တာနက်)**

မိုးမြင့်လင်းလက် စုစည်းတင်ပြသည်

(၆၄)ကြိမ်မြောက် ကိန်းစ်ရုပ်ရှင်ပွဲတော်ကျင်းပမည်

ပါရီ ဧပြီ ၁၇

(၆၄)ကြိမ်မြောက် ကိန်းစ်ရုပ်ရှင်ပွဲတော်ကို ပြင်သစ်နိုင်ငံ ပါရီမြို့၌ မေ ၁၁ ရက်မှ ၂၂ ရက်အထိ ကျင်းပမည် ဖြစ်သည်။ ယခုနှစ် ကိန်းစ်ရုပ်ရှင် ပွဲတော်အတွက် နောက်ဆုံးဆန်ခါတင် ရွေးချယ်ထားသည့် ဇာတ်ကား ၁၉ ကားမှ ထပ်မံရွေးချယ်ကာ ဆုများချီးမြှင့်သွားမည်ဖြစ်သည်။

ပါဝင်

ယင်းဇာတ်ကားများတွင် စပိန်ရုပ်ရှင်ဇာတ်ကား The Skin I Live in၊ ပြင်သစ်ရုပ်ရှင်ဇာတ်ကားPater၊ အစ္စရေးရုပ်ရှင်ဇာတ်ကား Footnote၊ တူရကီရုပ်ရှင်ဇာတ်ကား Once Upon a Time in Anatolia တို့ အပါအဝင် ဘယ်လ်ဂျီယံ၊ ဖင်လန်၊ ဂျပန်၊ ဩစတြေးလျ၊ အမေရိကန်၊ အီတလီ၊ ဗြိတိန်၊ ဒိန်းမတ်နိုင်ငံများမှ ရုပ်ရှင်ဇာတ်ကားများ ပါဝင်သည်။

ယခုနှစ် ကိန်းစ်ရုပ်ရှင်ပွဲတော်အတွက် ရေပန်းစားနေသည့် ရုပ်ရှင်ဇာတ်ကားမှာ ဗြိတိန်ရုပ်ရှင်ဖြစ်သည့် Pirates of the Caribbean ရုပ်ရှင်ဇာတ်ကား ဖြစ်သည်။ (အင်တာနက်)

မြန်မာ့အလင်း စာတည်းထံပေးစာများ

ထမင်းဆိုင်မှအညော်နံ့ ပတ်ဝန်းကျင်မခံနိုင်

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် မကျီးကန်လမ်းဆုံရှိ ကျူးကျော်ထမင်းဆိုင်တစ်ဆိုင်တွင် နေ့စဉ် ကြော်လှော်ရာမှညော်နံ့များကြောင့် ပတ်ဝန်းကျင် နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပြီး မီးဘေးအန္တရာယ်စိုးရိမ်နေရပါသဖြင့် အဆိုပါကျူးကျော်ဆိုင်များကို သက်ဆိုင်ရာမှသင့်လျော်ရာသို့ပြောင်းရွှေ့ပေးပါရန်တင်ပြအပ်ပါသည်။ **ရပ်ကွက်နေပြည်သူများ**

ကော်ပိုက်လုပ်ငန်းမှစက်သံ ဆူညံလွန်း

စာတည်းခင်ဗျား-

မြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်းရပ်ကွက် ဇောတိက (၂)လမ်းရှိ နေအိမ်တစ်အိမ်၏ ကော်ပိုက်လုပ်ငန်းတွင် ၂၄ နာရီ စက်လည်ပတ်ရာမှ ထွက်ပေါ်လာသော စက်ဆူညံသံနှင့်ညော်နံ့များကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်လျက်ရှိပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ ညော်နံ့မခံနိုင်သူ

ခရီးသည်တင်ယာဉ်များ မှတ်တိုင်တွင်ရပ်နားစေလို

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး လှည်းတန်း-အင်းစိန်လမ်းမပေါ်ရှိ စံရိပ်ငြိမ် (၆)လမ်းထိပ်တွင် လိုင်းကားများသည် ကားမှတ်တိုင်မဟုတ်ဘဲ ခရီးသည်များကို အတင်အချပြုလုပ်ခြင်းကြောင့် လမ်းသွားလမ်းလာများ ယာဉ်အန္တရာယ်စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ အဆိုပါယာဉ်များအား ကားမှတ်တိုင်တွင် ရပ်နားရေး ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ ယာဉ်အန္တရာယ်စိုးရိမ်သူ

ရပ်ကွက်အတွင်းရှိစက်သုံးဆီဆိုင် ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့သစ်ရပ်ကွက် အိမ်တစ်အိမ်တွင် ပီပါခွဲရောင်းဝယ်ရေးဟု အမည်တပ်ပြီး စက်သုံးဆီများ ရောင်းချနေပါသဖြင့် မီးဘေးအန္တရာယ်စိုးရိမ်ရပါသောကြောင့် အဆိုပါဆိုင်အား ရပ်ကွက်အတွင်းမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

ဝက်ခြံမှအနံ့ဆိုး ရှင်းလင်းပြီးဖြစ်

၂၀-၁၂-၂၀၁၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မင်္ဂလာဒုံမြို့နယ် စမ်းကြီးဝရပ်ကွက်၊ သီရိလမ်းရှိ ဝက်မွေးမြူရေးခြံမှ အနံ့ဆိုးများထွက်ပေါ်** ပေးစာနှင့် ပတ်သက်၍ ဖယ်ရှားရှင်းလင်းပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ **(ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)**

အမှုန့်မျိုးစုံလုပ်ငန်း ရှင်းလင်းပြီး

၂၅-၁-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ဗြဟ္မစိုရ်လမ်းအလယ်တွင် အမှုန့်မျိုးစုံအနံ့ကြောင့် ကျန်းမာရေးထိခိုက်** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

(ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)

မီးသွေးဆိုင်ပိတ်သိမ်းပြီးဖြစ်

၈-၂-၂၀၁၁ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မီးသွေးဆိုင်ကြောင့် မီးဘေးစိုးရိမ်ရ** ပေးစာနှင့် ပတ်သက်၍ မြောက်ဥက္ကလာပမြို့နယ် (စ)ရပ်ကွက် ဝဇီယာ (၃)လမ်းနှင့် (၄)လမ်း ကြားရှိ လိုင်စင်မဲ့ မီးသွေးဆိုင်ကို ပိတ်သိမ်းပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်သစ်တောဦးစီးဌာန)

ကြက်မွေးမြူရေးခြံ သန့်ရှင်းစေချင်

စာတည်းခင်ဗျား-

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့ ရန်ကုန်-ပြည်ကားလမ်း ဂုံမင်းမြောင်ရွာတာ/မြောက်ပိုင်းရှိ စီးပွားဖြစ် ဥစားကြက် မွေးမြူရေးခြံတစ်ခြံသည် စနစ်တကျသန့်ရှင်းခြင်းမရှိသဖြင့် ကြက်ချေးနံ့များ ထွက်ပေါ်လျက်ရှိရာ ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသောကြောင့် သက်ဆိုင်ရာမှ လိုအပ်သလိုဆောင်ရွက်ပေးပါရန်တင်ပြအပ်ပါသည်။ **ပတ်ဝန်းကျင်နေပြည်သူများ**

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့လိပ်မူပြီး ပေးပို့နိုင်ပါသည်။

 နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား

နည်းပြမော်ရင်ဟိုနှင့် အင်တာဗျူး . . . .

မက်ဒရစ် ဧပြီ ၁၇

စပါးအသင်းကို အိမ်ကွင်း၌ လေးဂိုးပြတ်သွင်းပြီး အဝေးကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ကစားခဲ့လို့ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲကို တက်ရောက်လာတဲ့ ရီးရဲမက်ဒရစ်အသင်းရဲ့နည်းပြ မော်ရင်ဟို(**ယာပုံ**)ဟာ သူကိုင်တွယ်ခဲ့တဲ့ အသင်းတိုင်းကို ချန်ပီယံလိဂ်ဖလားပွဲမှာ အနည်းဆုံး အကြိုဗိုလ်လုပွဲအထိတက်ရောက်နိုင်အောင် စွမ်းဆောင်ပေးနိုင်သူအဖြစ် မှတ်တမ်းတင်ထားဆဲဖြစ်ပါတယ်။

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲအဖြစ် စပိန်ကလပ် ဘာစီလိုနာ အသင်းနဲ့ ယှဉ်ပြိုင်ရမယ့်ပွဲနဲ့ ပတ်သက်ပြီး သတင်းထောက်တွေက တွေ့ဆုံမေးမြန်းတဲ့အခါ . . .

မေး ။ ။ ဘာစီလိုနာနဲ့ ယှဉ်ပြိုင်ရမှာဆိုတော့ ဘယ်လိုပြင်ဆင်ထားပါသလဲ။

ဖြေ ။ ။ ပြိုင်ဘက်ဟောင်းတွေ တွေ့ဆုံတဲ့ပွဲပါပဲ။ ဒီနှစ် ချန်ပီယံလိဂ်ဖလားရဖို့ အကြိတ်အနယ် ယှဉ်ပြိုင်ရမယ့် ပွဲတစ်ပွဲပါပဲ။ ထူးထူးခြားခြား ပြင်ဆင်မှု ပြုလုပ်ထားတာမရှိပါဘူး။

မေး ။ ။ ဘာစီလိုနာကို အနိုင်ရဖို့ မလွယ်ဘူးလို့ ဝေဖန်မှုတွေအပေါ် ဘယ်လိုတုံ့ပြန်လိုပါသလဲ။

ဖြေ ။ ။ ဘောလုံးပွဲတိုင်းဟာ မထင်မှတ်တဲ့ ရလဒ်တွေထွက်ပေါ်နေဆဲပါ။ အံ့သြစရာရလဒ်တွေရအောင် စွမ်းဆောင်နိုင်တဲ့ ကစားသမားတွေ ရီးရဲမက်ဒရစ်မှာ အများကြီးရှိနေပါတယ်။

မေး ။ ။ ဘာစီလိုနာကို ဂိုးပြတ်ရှုံးခဲ့တဲ့ မှတ်တမ်းကို ချေဖျက်နိုင်ပါ့မလား။

ဖြေ ။ ။ ရီးရဲမက်ဒရစ်ဟာ ချန်ပီယံလိဂ်ဖလားကို ရယူဖို့ ကြိုးစားနေတဲ့ အသင်းပါ။ ပွဲအပြီး ရလဒ်တွေက သက်သေပြပါလိမ့်မယ်။

မေး ။ ။ ရီးရဲမက်ဒရစ် ကစားသမားတွေ ဒဏ်ရာရသူတွေ ရှိနေတယ်လို့ပြောတယ်။ အဲဒီအတွက် စိုးရိမ်မှု ရှိနေပါသလား။

ဖြေ ။ ။ ကစားသမားတွေအားလုံး ကြံ့ခိုင်မှုအပြည့်နဲ့ ကစားမှာပါ။ ဒဏ်ရာရကစားသမား မရှိပါဘူး။

မေး ။ ။ မက်ဆီက ရီးရဲမက်ဒရစ်ကို ဒုက္ခပေးနိုင်တဲ့ ကစားသမားလို့ ထင်ပါသလား။

ဖြေ ။ ။ မက်ဆီက ပါရမီရှင် ကစားသမားတစ်ဦးပါ၊ ဒါပေမယ့် သူ့လိုကစားသမားတွေ ရီးရဲမက်ဒရစ်မှာ အများကြီးရှိနေပါတယ်။

မေး ။ ။ တကယ်လို့ မျှော်လင့်သလို ရလဒ်မကောင်းခဲ့ဘူးဆိုရင် . . .

ဖြေ ။ ။ အဲဒီ အတွေးမျိုး တစ်ခါမှမတွေးမိသေးဘူး။

မေး ။ ။ ရီးရဲမက်ဒရစ်အသင်းဟာ ချန်ပီယံလိဂ်ဖလားနဲ့ ထိုက်တန်နေပြီလို့ ယူဆပါသလား။

ဖြေ ။ ။ သိပ်သေချာတာပေါ့။

မေး ။ ။ တကယ်လို့ ရီးရဲမက်ဒရစ်အသင်း ဒီနှစ်မှာ ဖလားလက်မဲ့ဖြစ်ခဲ့ရင် နည်းပြတာဝန် ဆက်ပြီး ယူဦးမလား။

ဖြေ ။ ။ လောလောဆယ်မှာ ချန်ပီယံလိဂ်ဖလား ရယူရေးအတွက်နဲ့ လာလီဂါမှာ အောင်မြင်မှုရရှိရေးအတွက်ပဲ စဉ်းစားနေပါတယ်ဟု ရီးရဲမက်ဒရစ် နည်းပြမော်ရင်ဟိုက ဖြေကြားသွားပါကြောင်း။ ။

(အင်တာနက်)

မောင်မောင်မြင့်ဆွေ– ရေးသားသည်

ဥရောပချန်ပီယံ အလေးမပြိုင်ပွဲ ရုရှားမောင်မယ်များ ပထမရရှိ

မော်စကို ဧပြီ ၁၇



ရုရှားနိုင်ငံ ကာဇန်မြို့၌ ဧပြီ ၁၂ ရက်က စတင်ကျင်းပလျက်ရှိသော ဥရောပ ချန်ပီယံအလေးမပြိုင်ပွဲ၏ ငါးရက်မြောက်နေ့အဖြစ် ဧပြီ ၁၆ ရက်၌ အမျိုးသား၊ အမျိုးသမီး အလေးမပြိုင်ပွဲများကို ဆက်လက်ကျင်းပသည်။

ဒုတိယရရှိ

အမျိုးသား ၈၅ ကီလိုတန်း အလေးမပြိုင်ပွဲ၌ ရုရှားမှ အလက်ဆေယူကင်က ၃၈၅ ကီလိုဂရမ်မပြီး ပထမရရှိခဲ့သလို ပြင်သစ်မှ ဘင်ဂျမင်ဟင်နီကွင်က ၃၇၃ ကီလိုဂရမ်မပြီး ဒုတိယရရှိခဲ့သည်။

အမျိုးသမီး ၆၉ ကီလို အလေးမပြိုင်ပွဲတွင် ရုရှားမှ အော့ဆာနာ ဆလီဗန်ကို(**အပေါ်ပုံ**)က ၂၆၅ ကီလိုဂရမ်မပြီး ပထမ၊ ရုရှားမှပင် တာတီရာနာ မက်ဗီးဗာက ၂၅၁ ကီလိုဂရမ်မပြီး ဒုတိယနှင့် ဟန်ဂေရီမှ ကရစ်ဇ်လာက ၂၃၁ ကီလိုဂရမ်မပြီး တတိယရရှိခဲ့သည်။

(အင်တာနက်)



မန်ယူတိုက်စစ်အတွက် ရာအူးလ်ကို ခေါ်မည်

လန်ဒန် ဧပြီ ၁၇

မန်ယူအသင်းသည် ယခုနှစ်ဘောလုံးရာသီကုန်၌ ရော်လ်ကေး-၀၄ တိုက်စစ်မှူးရာအူးလ်(**ဝဲပုံ**)ကို စာချုပ်ချုပ်ဆို ခေါ်ယူမည်ဖြစ်ကြောင်း မန်ယူ ကလပ်မှ ဧပြီ ၁၇ ရက်၌ သတင်းထုတ်ပြန်သည်။

မန်ယူအသင်းတိုက်စစ်တွင် ထိရောက်ထက်မြက်သော ဂိုးသွင်းစွမ်းရည်မြင့်မားသည့် ဝါရင့်တိုက်စစ်မှူးတစ်ဦး အင်အားဖြည့်ရန် လိုအပ်နေရာ ယင်းကွက်လပ်အား ရာအူးလ်နှင့် အားဖြည့်ရန် နည်းပြ ဖာဂူဆန်ကလည်း ဆန္ဒပြင်းပြလျက်ရှိသည်။

ရာအူးလ်သည် ဥရောပထိပ်သီး တိုက်စစ်မှူးများတွင် တစ်ဦးအပါအဝင်ဖြစ်ပြီး ဂိုးသွင်းသေချာသူတစ်ဦးဖြစ်ကြောင်း ဖာဂူဆန်က ပြောကြားသည်။

(အင်တာနက်)

အာဆင်နယ်တို့ ပယ်နယ်တီဖြင့် သရေပွဲကြုံ

စတုတ် အက်ဖ်အေဖလား ဗိုလ်လုပွဲတက်

အာကာဟိန်း ➤ ရေးသားသည်

လန်ဒန် ဧပြီ ၁၇

ပရီမီယာလိဂ်ပွဲစဉ်(၃၃) လက်ကျန်ပွဲစဉ်အဖြစ် အာဆင်နယ်နှင့် လီဗာပူးတို့ ဧပြီ ၁၇ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲပြီးခါနီး နောက်ဆုံးမိနစ်များတွင် ပယ်နယ်တီများကိုယ်စီသွင်းပြီး တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သဖြင့် ပရီမီယာလိဂ်ဖလားကို ချိန်နေသော အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးလည်း မျှော်လင့်ချက်များ မေးမှိန်ခဲ့ရသည်။

ကြိုးစားခဲ့

အိမ်ကွင်း၌ ပွဲစတင်ကတည်းက လီဗာပူးကို ဖိကစားနိုင်ခဲ့သော အာဆင်နယ်အသင်းသည် လီဗာပူး ဂိုးပေါက်အား အကြိမ်ကြိမ် ခြိမ်းခြောက်နိုင်ခဲ့သည်။ လီဗာပူးကလည်း အာဆင်နယ်တိုက်စစ်ကို ဟန့်တားရင်း ဂိုးမပေးရရေး ကြိုးစားခဲ့ရသည်။

ထို့ကြောင့် ပထမပိုင်းပွဲချိန်အတွင်း နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ခဲ့ချေ။ ဒုတိယပိုင်းတွင် နာကျင်အချိန်ပိုရှစ်မိနစ်ရရှိရာ ၉၆ မိနစ်၌ အာဆင်နယ်တို့ ပယ်နယ်တီရရှိခဲ့ပြီး ယင်းပယ်နယ်တီကို အာဆင်နယ်တိုက်စစ်မှူး ဗန်ပါစီက သွင်းယူပေးခဲ့သည်။

အာဆင်နယ်ဂိုးသွင်းအပြီး မကြာမီ လီဗာပူးတို့လည်း ၉၇ မိနစ်၌ ပယ်နယ်တီ ပြစ်ဒဏ်ဘောရရှိခဲ့ရာ ဒရက်ကွတ်က ကန်သွင်းယူခဲ့သဖြင့် လီဗာပူးတို့ ကံကောင်းစွာ ချေပဂိုးရရှိပြီး တစ်ဂိုးစီ သရေပွဲ ဖြစ်ခဲ့သည်။ အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးလည်း ကြေကွဲစွာ ခံစားခဲ့ရသည်။

အက်ဖ်အေဖလား

အက်ဖ်အေဖလားအကြိုဗိုလ်လုပွဲ ဒုတိယပွဲစဉ်အဖြစ် ဧပြီ ၁၇ ရက်၌ ဘော်လ်တန်နှင့် စတုတ်တို့ ယှဉ်ပြိုင်ကစားရာ စတုတ်တို့က ငါးဂိုးပြတ် အနိုင်ရရှိခဲ့သည်။

နိုင်ပွဲရ

စတုတ်အတွက် ဂိုးများကို ပွဲချိန် ၁၁ မိနစ်၌ အီသာရင်တန်က တစ်ဂိုး၊ ၁၇ မိနစ်၌ ဟုသ်က တစ်ဂိုး၊ မိနစ် ၃၀ ၌ ဂျုန်းတို့က တစ်ဂိုးစီသွင်းယူခဲ့ကြသည်။ ထို့နောက် ပွဲချိန် ၆၈ မိနစ်နှင့် ၈၆ မိနစ်တို့၌ ဝေါလ်တာတစ်ဦးတည်း နှစ်ဂိုးသွင်းယူခဲ့သဖြင့် စတုတ်တို့ ငါးဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့ခြင်း ဖြစ်သည်။

စတုတ်အသင်းသည် ယခုပွဲ အနိုင်ရရှိခဲ့သဖြင့် အက်ဖ်အေဖလား နောက်ဆုံးဗိုလ်လုပွဲကို မန်စီးတီး အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ။

(အင်တာနက်)



အာဆင်နယ်အတွက် တိုက်စစ်မှူး ဗန်ပါစီက ပယ်နယ်တီကို ဤသို့ ကန်သွင်းခဲ့သည်။

ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာတို့ သရေပွဲဖြစ် ခိုလေးနှင့် မက်ဆီတို့ ပယ်နယ်တီကိုယ်စီသွင်းယူခဲ့ကြ

မက်ဒရစ် ဧပြီ ၁၇

စပိန်လာလီဂါပွဲစဉ် (၃၂) ကို ဧပြီ ၁၇ ရက် နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာတို့ပွဲတွင် တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပြီး အယ်မီးရီးယားနှင့် ဗလင်စီယာတို့ပွဲတွင် ဗလင်စီယာက သုံးဂိုးပြတ် အနိုင်ရရှိခဲ့သည်။



ရီးရဲမှ စီရိုနယ်ဒို ဘာစီလိုနာဘက်သို့ ထိုးဖောက်ကစားစဉ်။

အကြိတ်အနယ်ကြိုးစားခဲ့ရ

ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာတို့ပွဲတွင် ဘာနေဗြူးကွင်း၌ ရီးရဲမက်ဒရစ်တို့ ကံကောင်းစွာသရေပွဲ ဖြစ်ခဲ့သည်။ ညှော်သည်ဘာစီလိုနာက ရှေ့၊ လယ်၊ နောက် ဟန်ချက်ညီစွာကစားခဲ့ရာ အိမ်ရှင် ရီးရဲမက်ဒရစ်တို့ ဂိုးရရှိရေး အကြိတ်အနယ်ကြိုးစားခဲ့ရသည်။

မထိုးဖောက်နိုင်

ဘာစီလိုနာအတွက် ဂိုးကို ပွဲချိန် ၅၁ မိနစ်၌ ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် မက်ဆီက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ရီးရဲမက်ဒရစ်တို့ ချေပဂိုးရရှိရေး ကြိုးစားခဲ့သော်လည်း ဘာစီလိုနာနောက်တန်းကို ထိထိရောက်ရောက် မထိုးဖောက်နိုင်ခဲ့ချေ။

ရီးရဲမက်ဒရစ်အတွက် ချေပဂိုးကို ပွဲချိန် ၈၂ မိနစ်၌ တောင်ပံကစားသမား စီရိုနယ်ဒိုက ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် သွင်းယူခဲ့သဖြင့် ဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာတို့ သရေပွဲဖြစ်ပြီး တစ်မှတ်စီ ခွဲယူခဲ့ကြရခြင်းဖြစ်သည်။

အနိုင်ရရှိ

နောက်တစ်ပွဲဖြစ်သည့် အယ်မီးရီးယားနှင့် ဗလင်စီယာတို့ပွဲတွင် ဗလင်စီယာအတွက်ဂိုးများကို ပွဲချိန် ၅၁ မိနစ်၌ ဆိုလ်ဒါဒိုကတစ်ဂိုး၊ ၆၇ မိနစ်၌ စတန်ကီဗီစီးရပ်စ်က တစ်ဂိုး၊ ၈၁ မိနစ်၌ ဂျော်ဒီအယ်ဘာက တစ်ဂိုး သွင်းယူခဲ့သဖြင့် ဗလင်စီယာတို့ သုံးဂိုးပြတ် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ဂီတာဖေးနှင့် ဆီဗီလာတို့ပွဲတွင် ဂီတာဖေးက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဂီတာဖေးအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၇၆ မိနစ်၌ မီကူက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ မာလာဂါနှင့် မာလော့ကာတို့ပွဲတွင် မာလာဂါတို့က သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

(အင်တာနက်)

18-4 (11).pmd 1 4/18/2011, 3:56 AM

(၃၆)နှစ်မြောက် မင်္ဂလာဆုတောင်း

ဖေဖေ ဦးဟန်စိုး(ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း၊ ငြိမ်း)နှင့် မေမေ ဒေါ်ခင်နွဲ့အေး (ဦးစီးအရာရှိ၊ သမဝါယမဦးစီးဌာန၊ ငြိမ်း) တို့၏ ၁၈-၄-၂၀၁၁ ရက်တွင် ကျရောက်သော (၃၆)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ ချစ်သားသမီးမြေးတို့နှင့်အတူ ကိုယ်စိတ်နှလုံး ကျန်းမာချမ်းသာစွာဖြင့် ဘာသာ သာသနာကို စောင့်ရှောက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ချစ်သားကြီး - Capt: အေးကိုကိုစိုး
S.B Maritime Co., Ltd.
ချစ်သမီးလေး - အေးမြတ်စိုး–ဗိုလ်ကြီးတင်စန်းမင်း
ချစ်မြေးလေး - Oxygen (ခ)ရွှေမင်းခန့်။

Royal Four Sea Service Co., Ltd.
(ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီနှင့် အများသိစေရန်ကြေညာခြင်း)

ဦးစိန်လှ (**MD**) **Royal Four Sea Service Co.,Ltd.** ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

(၁) **Royal Four Sea Service Co.,Ltd.** သည် ပြည်ပအလုပ်အကိုင်ရှာဖွေရေး **Agency** အဖြစ် အလုပ်သမားဝန်ကြီးဌာနတွင် လိုင်စင်အမှတ် ၅၅/၂၀၁၁ဖြင့် မှတ်ပုံတင်ပြီး အလုပ်သမားဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပြည်ပနိုင်ငံများသို့ (ကျွမ်းကျင်/အထွေထွေ)အလုပ်သမားများ စေလွှတ်လျက်ရှိပါသည်။

(၂) ကျွန်ုပ်တို့ကုမ္ပဏီ၏ ကောင်းသတင်းကျော်စောမှုများ (**Good Will**)အပေါ် ပွဲစားအချို့တို့မှ ကျွန်ုပ်တို့ကုမ္ပဏီ၏ **Letter Head**၊ ကုမ္ပဏီ **Business Card** နှင့် ကြော်ငြာကတ်များကို ကူးယူ၍သော်လည်းကောင်း၊ကုမ္ပဏီ၏ နာမည်ကို အလွဲသုံးစားပြု၍ ပြည်ပသို့ အလုပ်သမားများကို ကုမ္ပဏီမှမသိရှိဘဲ ၎င်းတို့၏ သဘောအတိုင်း စေလွှတ်လျက်ရှိကြောင်း စုံစမ်းသိရှိရပါသည်။

(၃) ကျွန်ုပ်တို့ကုမ္ပဏီအနေဖြင့် အခြားမြို့နယ်များတွင် **Agent** (နယ်ကိုယ်စားလှယ်)ထားရှိခြင်း၊ ကုမ္ပဏီရုံးခွဲများထားရှိခြင်း လုံးဝ(လုံးဝ)မရှိပါ။ **Royal Four Sea Service Co.,Ltd.**မှ စေလွှတ်ထားသူဟု လိမ်လည်ပြောဆိုလာခဲ့ပါက အောက်ပါကုမ္ပဏီဖုန်းနံပါတ်များသို့ ဆက်သွယ်၍ အကြောင်းကြားသတင်းပေးပါက အဆိုပါသတင်းပေးသူအား ကုမ္ပဏီအနေဖြင့် ထိုက်တန်စွာ ဆုများပေးအပ်ချီးမြှင့်ပေးမည်ဖြစ်ပါသည်။ သတင်းစာပါ ကြော်ငြာပါသည့်ရက်မှစ၍ မသမာသူ ပွဲစားများအား တည်ဆဲပြစ်မှုဆိုင်ရာ ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

မှတ်ချက်။ ။ ကုမ္ပဏီနှင့်တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ခြင်းမရှိသည့် ပြည်ပအလုပ်အကိုင် ဆောင်ရွက်ခြင်းများအား ကုမ္ပဏီမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။

ဦးစိန်လှ (မန်နေဂျင်းဒါရိုက်တာ)၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဦးအောင်ဝင်းနိုင် H.G.P, R.L II
အထက်တန်းရှေ့နေ
လိုင်စင်အမှတ်–၁၇၅၄၇၊ ကုမ္ပဏီ၏ ဥပဒေအကြံပေး
အမှတ် ၃၄၈၊ ဗညားဒလလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း–၀၁–၅၄၂၄၄၉၊ ၀၁–၅၅၂၁၁၆၊ ၀၁–၅၅၇၉၁၆။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြေစီမံခန့်ခွဲမှုဌာနမှ ဒေါ်ခင်အေးနွယ် TKA-၀၂၃၇၇၃ အမည်ဖြင့် နှစ်(၆၀)မြေငှားဂရန်စာချုပ်ရရှိထားသော ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(၂)၊ လူနေရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ် ၂၉၆/ခ၊ မြေကွက်အကျယ် ပေ ၂၀×ပေ ၆၀ ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ်(၆၁)၊ အနော်မာ ၁၉ လမ်းအရှေ့၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်ဟုခေါ်တွင်သော နှစ်ထပ်အဆောက်အအုံတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ထားသည့် ဒေါ်သန်းနီဌေး ၁၂/သကတ(နိုင်)၀၃၆၀၁၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံတို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးမြင့်ကြည် B.Sc, M.Sc(F-1), R.L
တရားရုံးချုပ်ရှေ့နေ (၂၄၄၉)
တိုက် (ဘီ–၁၂)၊ အခန်း ၅၀၇၊
ရွှေခင်းသာအဆင့်မြင့်အိမ်ရာ၊သာကေတမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း–၀၁–၅၅၃၁၈၈၊ လိုင်းခွဲ -၂၀၃၊ ၀၉–၇၃၀၁၁၃၂၁။

စာအုပ်စာပေ လူ့မိတ်ဆွေ

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဝေဇယန္တာဥယျာဉ်အိမ်ရာ၊ ရိပ်သာ ၁ လမ်း၊ အမှတ် ၁၆၈တွင် နေထိုင်သော ဦးကောင်းသန့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၂/ဒဂန(နိုင်)၀၃၃၈၇၅ ကိုင်ဆောင်သူသည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်၏ တစ်ဦးတည်းပိုင်ရှင်ဖြစ်ပါသည်။

အဆိုပါကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် ၂၀၁၁ခုနှစ် စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်၂၄၄၂ အရ မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

အဆိုပါကုန်အမှတ်တံဆိပ်ကို ကျောက်မျက်ရတနာအမျိုးမျိုးနှင့် လက်ဝတ်ရတနာပစ္စည်းအမျိုးမျိုးရောင်းဝယ်ရေးလုပ်ငန်းတွင် အသုံးပြုပါသည်။ အဆိုပါကုန်အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ မရိုးမဖြောင့်သောသဘောဖြင့် ဆင်တူယိုးမှား အတုပြုလုပ်သူများကို တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ–
ဦးအုံးမောင် (B.Sc, B.L) — **စာရင်းပါအမှတ်စဉ်–၈၃၀**
ဒေါ်ကေသီအုံး (LL.M) — **စာရင်းပါအမှတ်စဉ်–၄၂၂၇**
တရားရုံးချုပ်ရှေ့နေများ
အမှတ် ၃၊ ၃၄ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း–၀၁–၃၇၆၉၈၄၊ ၀၉–၅၀၁၂၉၈၂၊ ၀၉–၇၃၀၂၄၈၃၆။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် (ဥပုသ်နေ့)
၁၈–၄–၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော်ဟောကြားတော်မူသောဥပ္ပါတသန္တိ ပါဠိတော်

၇:၃၀ ၂။ နံနက်ခင်းသတင်း
၇:၄၀ ၃။ အောင်တော်မူ (စောမင်းနောင်၊စိုင်းညီမင်း၊ တေးရေး–ဗိုလ်ကလေးတင့်အောင်)
၇:၅၅ ၄။ သံသာချိုအေးမင်္ဂလာတေး
၈:၀၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၂၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၄၀ ၇။ International News
၈:၄၅ ၈။ တေးဂီတအစီအစဉ်
၉:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အဆိုပြိုင်ပွဲ
၄:၂၀ ၃။ အကပဒေသာ
၄:၃၀ ၄။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၄:၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ –ဒုတိယနှစ် (စိတ်ပညာအထူးပြု) (စိတ်ပညာ)
၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၀ ၇။ မြန်မာစာ၊ မြန်မာစကား
၅:၁၅ ၈။ **အေးမြသောလေညင်းလေးများ**
၅:၃၀ ၉။ တေးဂီတအစီအစဉ်
၅:၄၅ ၁၀။ **ဓိဝမျိုးစုံမျိုးကွဲများ**
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၃။ ဆိုကြမယ်၊ ပျော်ကြမယ်
၇:၁၅ ၁၄။ **ဗိုလ်ကလေးတင့်အောင်၏ ဘဝစာမျက်နှာများ**
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **ကမ္ဘာကျော်သရုပ်ဆောင်များ**
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပျော်ရွှင်စရာအိပ်မက်ကမ္ဘာ** (အပိုင်း–၂၀)
၂၀။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်းတရားတော်
၂၁။ အစီအစဉ်ပြီး၏။

လျှပ်စစ်ဓာတ်အားသုံးစွဲမှု သတိပြု

(က) ဟောင်းနွမ်းနေသည့် လျှပ်စစ်မီးကြိုးများကို လဲလှယ်ပေးပါ။
(ခ) လျှပ်စစ်ဒဏ်ခံကြိုးကို ခံနိုင်သည်ထက် ပိုမထည့်ပါနှင့်။
(ဂ) လျှပ်စစ်မီးဖို၊ မီးပူများကို သုံးစွဲပြီးလျှင် (သို့မဟုတ်) လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်း ဖြုတ်ထားပါ။
(ဃ) လျှပ်စစ်ဝိုင်ယာရှော့ဖြစ်လျှင် ပင်မခလုတ်ကိုပိတ်ပြီး၊ ခြောက်သွေ့သော အဝတ်၊ ပိတ်စစသည်တို့ဖြင့် ရိုက်ပုတ်ဖုံးအုပ် ငြိမ်းသတ်ပါ။
(င) လျှပ်စစ်ဓာတ်အားကို ခံနိုင်အားထက် ပိုမသုံးပါနှင့်။
(စ) ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးပါနှင့်။ (မီးသတ်ဦးစီးဌာန)

ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း ပိုစတာ၊ ဓာတ်ပုံနှင့် ကွန်ပျူတာပန်းချီ/ပိုစတာပြိုင်ပွဲများ ဖိတ်ခေါ်

နေပြည်တော် ဧပြီ ၁၇

မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပမည့် ဇွန် ၂၆ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ဓာတ်ပုံနှင့် ကွန်ပျူတာ ပန်းချီ/ပိုစတာပြိုင်ပွဲအတွက် စာမူနှင့် လက်ရာများအား ဖိတ်ခေါ်ထားသည်။

ပြိုင်ပွဲအတွက် သတ်မှတ်ထားသော စည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပမည့် ဇွန် ၂၆ ရက်တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေး အထိမ်းအမှတ်နေ့အတွက် မူးယစ်ဆေးဝါးထုတ်လုပ်သုံးစွဲမှု ပပျောက်ရေးကို ဦးတည်ရည်ရွယ်လျက် အနုပညာရသမြောက်စွာ ဖွဲ့သီကုံး၊ ရေးဆွဲ၊ ရိုက်ကူးရမည့် ဦးတည်ချက်ဆောင်ပုဒ်များမှာ-

- (က) ကျန်းမာပျော်ရွှင် နေနိုင်ဖို့ မူးယစ်ဆေးဆို ရှောင်ကြစို့ "Think Health , Not Drugs"
- (ခ) မူးယစ်အန္တရာယ်လူ့ရန်စွယ်၊ ကာကွယ်တိုက်ဖျက် လက်ချင်းဆက်
- (ဂ) အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး
- (ဃ) တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

(၂) **ဝတ္ထုတို** ပြိုင်ပွဲကို အလွတ်တန်း တစ်မျိုးတည်းသာထားရှိ၍ စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့် မိတ္တူပေါင်း(၂)စောင်တင်သွင်းရမည်။ စာလုံးရေ ကန့်သတ်ချက်မှာ (၃၀၀၀) မှ (၅၀၀၀)အတွင်း ဖြစ်သည်။

(၃) **ဆောင်းပါး** ပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာ ထားရှိ၍ စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့် မိတ္တူပေါင်း(၂)စောင်တင်သွင်းရမည်။ စာလုံးရေ ကန့်သတ်ချက်မှာ (၃၀၀၀)မှ (၅၀၀၀) အတွင်း ဖြစ်သည်။

(၄) **ကဗျာ** ပြိုင်ပွဲကို အလွတ်တန်း တစ်မျိုးတည်းသာ ထားရှိ၍ စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့် မိတ္တူပေါင်း (၂)စောင် တင်သွင်းရမည်။ပြိုင်ပွဲဝင်ကဗျာသည် မြန်မာကဗျာ စပ်ထုံးစပ်နည်းမှန်ကန်ပြီး စာကြောင်းရေ (၅၀)မှ (၁၀၀) (ပါဒ၁၀၀မှ ၂၀၀)အတွင်း ရှိရမည်။

(၅) **တေးသီချင်း** ပြိုင်ပွဲကို အလွတ်တန်း တစ်မျိုးတည်းသာထားရှိ၍ တစ်ဦးချင်း(သို့မဟုတ်) အဖွဲ့နှင့် သီဆိုနိုင်သော တေးသီချင်းဖြစ်ပြီး ပရိသတ် နားစွဲလွယ်သော ကိုယ်ပိုင်သံစဉ် တေးသွားသီချင်းသစ်ဖြစ်ရမည်။ သံစဉ်ရေးစာသားပါ အကြောင်းအရာ တင်ပြပုံ၊ ဦးတည်ချက် မှန်ကန်၍ စကားလုံး ကျစ်လျစ်ထိရောက်ရမည်။ ပြိုင်ပွဲဝင်မည့် တေးသီချင်းအား CD ဖြင့် အသံသွင်းပြီး ပြိုင်ပွဲဝင်တစ်ဦးလျှင် တေးသီချင်းတစ်ပုဒ်သာယှဉ်ပြိုင်ခွင့်ပြုပါမည်။ ပြိုင်ပွဲဝင်မည့် အပြီးသတ်အချောသွင်းထားပြီးဖြစ်သော CD Master နှင့်အတူ စာသားကို ကွန်ပျူတာ(သို့) လက်နှိပ်စက်ဖြင့်ရေးသားပြီး မူရင်းတစ်စောင်ကို ဂီတသင်္ကေတ မူရင်းတစ်စောင်နှင့်အတူ ပေးပို့ရမည်။

(၆) **ပန်းချီ၊ ကာတွန်း၊ ပိုစတာ** ပြိုင်ပွဲနှင့်ပတ်သက်၍ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းဟူ၍ (၃)ဆင့် ယှဉ်ပြိုင်ခွင့်ပြုပါသည်။ မူလတန်း အဆင့်(၃၊ ၄)တန်း၊ အလယ်တန်းအဆင့် (၅၊ ၆၊ ၇)တန်းနှင့် အထက်တန်းအဆင့် (၈၊ ၉၊ ၁၀)တန်း ယှဉ်ပြိုင်ခွင့်ပြုသည်။ အတန်းအထောက်အထားအတွက် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်ဖြင့် တိုင်းဒေသကြီး/ပြည်နယ် မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များက ဦးစီးကျင်းပမည့် လက်တွေ့ရေးဆွဲယှဉ်ပြိုင်ပွဲ၌ သက်ဆိုင်ရာအဆင့်တွင်သာ ပါဝင်ယှဉ်ပြိုင်ရပါမည်။ ရေးဆွဲမည့် စက္ကူယူလာရန်မလို။ နှစ်သက်ရာ ဆေးကို ယူလာပြီး နှစ်သက်ရာနည်းဖြင့် ပန်းချီ၊ ပိုစတာရေးဆွဲချိန် ၃ နာရီ၊ ကာတွန်းရေးဆွဲချိန် ၂ နာရီသတ်မှတ်၍ သရုပ်ဖော်ရေးဆွဲစေပြီး ကျောဘက်တွင် လက်မှတ်ရေးထိုးရမည်။

(၇) **ဓာတ်ပုံ** ပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ ပြိုင်ပွဲတစ်ဦးလျှင် (၁၀×၁၄)လက်မအရွယ် ဆေးရောင်စုံ (Colour)(သို့) အဖြူအမည်း (Mono Chrome) ဓာတ်ပုံ(၄)ပုံအထိ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ မည်သည့်ကင်မရာ အမျိုးအစားနှင့်မဆို ရိုက်ကူးယှဉ်ပြိုင်နိုင်သည်။ သို့ရာတွင် ဒစ်ဂျစ်တယ်စနစ်ဖြင့် ပြုပြင်ထားခြင်းမပြုရ၊ နဂ္ဂတစ် (သို့)စလိုက်(သို့) ဒစ်ဂျစ်တယ်ပုံဖြစ်ပါက EXIF Data အပြည့်အစုံ ပါသော Original Raw File (သို့) 300 dpi Resolution ရှိ 10"×14" အရွယ် Tiff File CD-R ဖြင့်ထည့်သွင်း၍ ပေးပို့ရန်နှင့် မိမိကိုယ်တိုင် ရိုက်ကူးထားသောပုံ ဖြစ်ရမည်။ အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသောပုံ မဖြစ်စေရ။ ပြိုင်ပွဲဝင်တစ်ဦးလျှင် ဆုကြီးတစ်ဆုနှင့် အထူးဆု(၂)ဆုအထိသာ ခံစားခွင့်ရှိသည်။ (**မှတ်ချက်**။ ပြိုင်ပွဲဝင် ဓာတ်ပုံများ၏ နောက်ကျောတွင် ဓာတ်ပုံပညာရှင်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ မိမိကိုယ်တိုင်ရိုက်ကူးပြီး ဆုမရရှိဖူးသေးကြောင်း ဝန်ခံချက်အား ဓာတ်ပုံတစ်ပုံချင်း၏ နောက်ကျောတွင် ရေးသားလက်မှတ်ရေးထိုး၍ ပတ်စ်ပို့အရွယ် ဓာတ်ပုံ (၂)ပုံ၊ ကိုယ်ရေးအကျဉ်းတို့အား ပူးတွဲလျက်ပေးပို့ရမည်။)

(၈) **ကွန်ပျူတာပန်းချီ** ပြိုင်ပွဲကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်ဟူ၍ နှစ်ဆင့်ခွဲပြီး ကျင်းပပြုလုပ်ရမည်ဖြစ်သည်။ အထက်တန်းအဆင့်အတွက် (၈၊ ၉၊ ၁၀)တန်း ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အလယ်တန်းအဆင့်အတွက် (၅၊ ၆၊ ၇)တန်း ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်၍ အောက်ပါစည်းကမ်းချက်များအတိုင်း ဆောင်ရွက်ရန်ဖြစ်သည်-

- (က) ကွန်ပျူတာပန်းချီပြိုင်ပွဲကို IBM ကွန်ပျူတာ အမျိုးအစားဖြင့် ရေးဆွဲရန် (Software Programme ကို Corel-draw, photoshop, Clarif office ကြိုက်ရာ တစ်မျိုးမျိုးဖြင့် ရေးဆွဲနိုင်ပါသည်။)
- (ခ) ရေးဆွဲချိန် နှစ်နာရီသတ်မှတ်ရန်၊
- (ဂ) CD ဖြင့်ကူးယူ၍ ပြိုင်ပွဲဝင်ပုံစံနှင့်အတူ ပေးပို့ရန်။

(၉) **ကွန်ပျူတာပိုစတာ** ပြိုင်ပွဲအား အလွတ်တန်း တစ်တန်းတည်းသာ သတ်မှတ်ပြီး အသက် ၁၅ နှစ်အထက် မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင် တစ်ဦးလျှင် တစ်ပုံသာ ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင် CD များအား ပြိုင်ပွဲဝင်ပုံစံနှင့်အတူ ပြည်နယ်/တိုင်းဒေသကြီးမူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့ဝင်များမှတစ်ဆင့် ထောက်ခံချက်ဖြင့် ပေးပို့ရမည်။

(၁၀) **ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း** ပြိုင်ပွဲတို့တွင် ပြိုင်ပွဲဝင်တစ်ဦးလျှင် ဘာသာရပ် တစ်မျိုးအတွက် စာမူတစ်စောင်သာ တင်သွင်းနိုင်ပြီး ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာ ပိုစတာပြိုင်ပွဲများတွင်လည်း ပြိုင်ပွဲဝင်တစ်ဦးလျှင် တစ်ပုံသာ ပေးပို့ယှဉ်ပြိုင်ခွင့်ရှိသည်။

(၁၁) ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာပြိုင်ပွဲဝင်များအနေဖြင့် ပတ်စ်ပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအကျဉ်းချုပ်၊ မိမိကိုယ်တိုင်ရေးဆွဲခြင်းဖြစ်ကြောင်း၊ မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်း မရှိကြောင်း ဝန်ခံချက်စသည်တို့ကို ပူးတွဲပေးပို့ရမည်။

(၁၂) **ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ** ပြိုင်ပွဲအတွက် တိုင်းဒေသကြီး/ပြည်နယ်များမှ ဝင်ရောက်ယှဉ်ပြိုင်သူများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှ ကြီးမှူးကျင်းပသည့် ပြိုင်ပွဲများမှတစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်၊ တိုင်းဒေသကြီး/ပြည်နယ်များအနေဖြင့် သင့်လျော်သည့် နေ့ရက်သတ်မှတ်ပြီး ကျင်းပကြရမည်။

(၁၃) ပြိုင်ပွဲဝင်ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာစာမူများ၊ တေးသီချင်းများနှင့်ဓာတ်ပုံများကို ဒုတိယရဲမှူးကြီး ထွန်းဝေ၊ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက် (ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်) ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့ လိပ်မူ၍ ပြိုင်ပွဲအလိုက် သတ်မှတ် နေ့ရက်များအရောက် တိုက်ရိုက်ပေးပို့ရမည်။ ပြိုင်ပွဲဝင် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာ ပိုစတာ လက်ရာများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့မှတစ်ဆင့် ထောက်ခံချက်ဖြင့် အထက်ပါလိပ်စာအတိုင်း သတ်မှတ်နေ့ရက်အရောက် ပေးပို့ရမည်။

(၁၄) ပြိုင်ပွဲဝင်စာမူနှင့် လက်ရာများအား နောက်ဆုံးထား၍ အရောက်ပေးပို့ရမည့် နေ့ရက်သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- (က) ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ ၃၁-၅-၂၀၁၁နေ့ အရောက်
- (ခ) ပန်းချီ၊ ကာတွန်း၊ ပိုစတာ ၁၀-၆-၂၀၁၁ နေ့ အရောက် ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာ
- (ဂ) တေးသီချင်း ၂၄-၅-၂၀၁၁ နေ့အရောက်
- (ဃ) ဓာတ်ပုံ ၆-၆-၂၀၁၁ နေ့အရောက်

(၁၅) စာမူတေးသီချင်းလက်ရာများကို ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုများအဖြစ် ရွေးချယ်မည်ဖြစ်ပြီး ရွေးချယ်ခြင်းခံရသော စာမူနှင့် လက်ရာများကို ၂၀၁၁ ခုနှစ် ဇွန် ၁၈ ရက်တွင် ကြေညာမည်ဖြစ်ပါသည်။ ဆုရရှိသူများအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များမှ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားများတွင် ဆုချီးမြှင့်မည်ဖြစ်သည်။

(၁၆) ရွေးချယ်ခြင်းမခံရသော စာမူများ၊ လက်ရာများ၊ တေးသီချင်းများကို ပြန်လည်ပေးပို့မည် မဟုတ်ပါ။

(၁၇) **မှတ်ချက်**။ မူးယစ်ဆေးဝါး ထုတ်လုပ်သုံးစွဲမှု ပပျောက်ရေးကို ဦးတည်ချက်ဆောင်ပုဒ်များ သတ်မှတ်ထားသော်လည်း မူးယစ်ဆေးဝါးပပျောက်ရေးကို ဦးတည်သည့် မည်သည့်သီကုံးရေးဆွဲရိုက်ကူးမှုကိုမဆို လွတ်လပ်စွာပြုလုပ်နိုင်ကြသည်။ **(သတင်းစဉ်)**

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

လပွတ္တာမြို့ ရွှေနဒီရေပေါ်ဈေးကို မတ် ၁၄ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

တောင်ကုတ်မြို့နယ်၌ တောင်ကုတ်-တာရဲလမ်းကျောက်ချောခင်းခြင်းလုပ်ငန်းကို မတ် ၂၈ ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည်နှင့် အမှုဆောင်အရာရှိ ဦးလှဖော်ဇံတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ရွှေသောင်ယံမြို့ စည်ပင်သာယာရေး ရုံးဝင်းရှေ့ မြေယာရှုခင်းအလှဆင်ခြင်းလုပ်ငန်းကို မတ် ၂၈ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးဖုန်းလွင် ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

လှိုင်းဘွဲ့မြို့နယ်၌ လှိုင်းဘွဲ့-ကော့လှိုင်းဝင်းစိန်မြေသားလမ်း ဆောင်ရွက်ပြီးစီးမှုကို ဧပြီ ၉ ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးမင်းမောင် ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဆောမြို့နယ် ဗိုလ်ချုပ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းမိုးထိုက်နှင့် မြို့နယ်အမှုဆောင်အရာရှိ ဦးဟန်မြင့်တို့ မတ် ၁၂ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

18-4 (15).pmd 1 4/18/2011, 3:56 AM

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မြင်းခြံခရိုင်တရားရုံး
၂၀၁၀ ခုနှစ် တရားမဇာရီမှုအမှတ်-၁၂

မန်နေဂျာ နှင့် ၁။ ဦးသောင်းညွန့်
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်အောင်မေခင်
တောင်သာမြို့။
တရားနိုင် တရားရှုံးများ

၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၅၅တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၁၁ ခုနှစ် မေ ၁၁ရက် (၁၃၇၃ ခုနှစ် ကဆုန်လဆန်း ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

တောင်သာမြို့ အမှတ် ၃၊ တန်းမြင့်ကျောင်းရပ်ကွက်၊ အကွက်အမှတ် ၁၂၊ ဥယျာဉ်တော်ရပ်၊ ဦးပိုင်အမှတ် ၃၉၊ ဧရိယာ ၀ ဒသမ ၂၄၄ ဧကရှိ ဂရန်မြေ၊ ယင်းမြေကွက်ပေါ်ရှိ (၄၃×၂၈×၁၅)ပေ လေးလက်မခွဲထုနှင့် ပျဉ်ကာနံရံပါ တစ်ထပ်အဆောက်အအုံ။

ကြမ်းခင်းဈေး ကျပ်သိန်း ၂၅၀။

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းရမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၁ခုနှစ် မတ် ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ခင်လှကြည်
ခရိုင်တရားသူကြီး
မြင်းခြံခရိုင်တရားရုံး။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ကတ/၅၇၅၈ Honda Wave NF 125 ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းလူ ၁၃/ကတန(နိုင်) ၁၁၇၂၅၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန(ပြည်နယ်ရုံး)၊ကျိုင်းတုံ။

မော်တော်ယာဉ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၃၇၄၀၂ ယာဉ်လက်ဝယ်ရှိသူ ဦးညိုမောင် ၉/ပမန(နိုင်)၀၅၃၆၆၅က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန(ခရိုင်ရုံး)၊ရမည်းသင်း။**

မော်တော်ယာဉ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မရ/၁၁၃၀၂၅ ဟိုက်ဘတ် ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဆွေ ၅/မမတ(နိုင်)၀၀၈၉၅၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန(ခရိုင်ရုံး)၊စစ်ကိုင်း။

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၉၂၈၅၅ ဆိုင်ကယ်ယာဉ် လက်ဝယ်ရှိသူ ဦးစိုးစိုးမင်း ၁၀/ပမန(နိုင်)၀၉၀၅၈၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန (ခရိုင်ရုံး)၊ သထုံ။

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မရ/၁၂၆၃၁၈ Jialing JL 90 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သော်သော်ထက် ၅/ရဘန(နိုင်)၀၉၄၇၇၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန (ခရိုင်ရုံး)၊ ရွှေဘို။

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၉၇၇၂၈ Hensim M/C ယာဉ်လက်ဝယ်ရှိသူ ဦးယဉ်ထွေး ၉/မရမ(နိုင်)၀၄၄၄၂၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေး။

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ရယ/၅၆၆၉၇ Honda Dream M/C ဆိုင်ကယ်ယာဉ် လက်ဝယ်ရှိသူ ဦးခွန်အောင်ရွှေ ၃/ဘအန(နိုင်)၁၆၉၈၁၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန(ပြည်နယ်ရုံး)၊ ဘားအံ။

ချိန်ခါမရွေး သတိပေး မီးဘေး ကင်းဝေးမှာ

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ခင်အောင် ၁၂/ဒလန(နိုင်)၀၆၀၇၇၂၏ နိုင်ငံသားစိစစ်ရေးကတ် ၁၁-၄-၂၀၁၁ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၅၃၀၁၆၇၃။**

မော်တော်ယာဉ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၈၅၁၆၉ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ဝင်း ၉/မနတ(နိုင်)၀၇၂၉၃၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန(ခရိုင်ရုံး)၊မန္တလေးတောင်ပိုင်း၊ မန္တလေး။

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မရ/၁၂၆၁၆၄ Jialing JL 90 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မူမူသန်း ၅/ခဥန(နိုင်)၀၀၀၄၀၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန (ခရိုင်ရုံး)၊ ရွှေဘို။

ပေးအပ်လှူဒါန်း

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သွားတော်၊ ဓာတ်တော်နှင့်ဆံတော်ရှင် သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲအတွက် မတ် ၁၈ ရက်က မော်လမြိုင်မြို့ ဒိုင်းဝန်းကွင်းနေ ဦးလှထွန်း-ဒေါ်တင်လှ (ဦးလှထွန်း အမှန့်မျိုးစုံ)မိသားစုက အလှူငွေကျပ် ၃၉ သိန်း ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးစန်းမြင့်၊ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းတို့ လက်ခံယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (၀၁၇)

တာချီလိတ် မြို့မဈေးအတွင်း ရေစီးရေလာကောင်းရေးအတွက် ဧပြီ ၅ ရက်က အမှိုက်များ၊ နုန်းများဆယ်ယူခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကို ကြီးကြပ်ဆောင်ရွက်စဉ်။ (၀၆၀)

ကွန်ပျူတာကျွမ်းကျင်မှု သင်တန်းဖွင့်

ဖျာပုံ ဧပြီ ၁၆

MCC(ဖျာပုံ) ကွန်ပျူတာကျွမ်းကျင်မှု အထူးသင်တန်းကျောင်းမှ ပညာဒါနပြု ကွန်ပျူတာအခြေခံသင်တန်းဖွင့်ပွဲကို ဧပြီ ၅ ရက် နံနက် ၉ နာရီက ဖျာပုံမြို့နယ် ကနီကျေးရွာ ကနီပရဟိတဂေဟာ၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် ကနီပရဟိတဂေဟာကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညိုမြင့်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး MCC(ဖျာပုံ) ကွန်ပျူတာကျွမ်းကျင်မှု အထူးသင်တန်းကျောင်းမှ တာဝန်ခံဆရာ ဦးတိုးတိုး(**အောက်ပုံ**)က သင်တန်းစည်းကမ်းများကို ရှင်းလင်းတင်ပြကာ သင်တန်းကို ဖွင့်လှစ်ပေးသည်။

အဆိုပါ သင်တန်းမှာ တစ်လကြာမြင့်မည်ဖြစ်ပြီး အခြေခံသင်တန်းပြီးပါက MCC (ဖျာပုံ)၏ ကွန်ပျူတာကျွမ်းကျင်မှု အထူးသင်တန်းများကိုလည်း ကနီပရဟိတဂေဟာ၌ပင် ဆက်လက်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ရေပေးရေးလုပ်ငန်းများကျိုက်မရော၌ဆောင်ရွက်

ကျိုက်မရော ဧပြီ ၁၆

ကျိုက်မရောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရပ်ကွက်များ ရေပေးရေးလုပ်ငန်းများကို အမှုဆောင်အရာရှိ ဦးမျိုးလွင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ဧပြီ ၅ ရက်က ကွင်းဆင်းစစ်ဆေးပြီးနောက် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိသည့် အခြေအနေကို ဆက်လက်စစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံ နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်း အဆိုပြုလွှာပေးအပ်ပွဲကို မတ် ၂၇ ရက်က သန်လျင်မြို့နယ် ကရင်ဆိပ်စံပြကျေးရွာ၌ ကျင်းပရာ အသင်းဝင်အဆိုပြုလွှာများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွေးတို့က ခရိုင်သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးသိန်းဇော်လေးထံ ပေးအပ်စဉ်။ (၁၈၄)

အောင်ပွဲရ အားကစားသမားများအား ဂုဏ်ပြု

ရန်ကုန် ဧပြီ ၁၇

မြို့နယ်ပေါင်းစုံ အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိသောမြောက်ပိုင်းခရိုင်မှ အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ဧပြီ ၅ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ကျင်းပရာ မြို့နယ်ပေါင်းစုံ မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲ ပထမတံခွန် စိုက်ဒိုင်းဆုရရှိသော လှိုင်သာယာမြို့နယ် အားကစားအဖွဲ့နှင့် မြို့နယ် ပေါင်းစုံ (၁၈)နှစ်အောက် ပြေးခုန်ပစ် ပြိုင်ပွဲ အမျိုးသားတံခွန်စိုက်ဒိုင်းဆု ရရှိသော မင်္ဂလာဒုံမြို့နယ် အားကစားအဖွဲ့တို့အား မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေလင်းက ဂုဏ်ပြုချီးမြှင့်ပြီး(**အပေါ်ပုံ**) မြို့နယ်ပေါင်းစုံ ၁၅ကီလိုမီတာတာဝေးအပြေးပြိုင်ပွဲတွင် ပထမဆုရရှိသော လှည်းကူးမြို့နယ်နှင့် အမျိုးသား ဒုတိယဆုရရှိသော မင်္ဂလာဒုံမြို့နယ်၊ အမျိုးသမီး ဒုတိယဆုရရှိသော အင်းစိန်၊ အမျိုးသမီး တတိယဆုရရှိသော မှော်ဘီမြို့နယ်တို့ကို မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ခရိုင်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး ဇော်ခင်အောင်က ဂုဏ်ပြုချီးမြှင့်သည်။ ထို့နောက် မင်္ဂလာဒုံမြို့နယ် မြဘုရင်နို့ဆီလုပ်ငန်းပိုင်ရှင် ဦးမြင့်သန်းက ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၅၀၀၀၀ကို အားကစားသမားအား ချီးမြှင့်ရန် ပေးအပ်လှူဒါန်းကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ်သတင်း ထွေတလာ

ကော့ကရိတ်မြို့နယ် လှိုင်ကွက်သစ် (၃)လမ်း ကတ္တရာလမ်းဖွင့်ပွဲကို မတ် ၂၃ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လိုဏ်တော်အတွင်း နှစ်သစ်ဦးမင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်နာ အခမ်းအနားကျင်းပ



နေပြည်တော် ဧပြီ ၁၇

နှစ်သစ်ဦးမင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်နာ အခမ်းအနားကို ၁၃၇၃ ခုနှစ် တန်ခူးလဆန်း ၁၄ ရက် မြန်မာနှစ်ဆန်းတစ်ရက် ယနေ့နံနက် ၆ နာရီတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လိုဏ်တော်အတွင်း၌ ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် ငွေတောင်တောရစာသင်တိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသိရီထံမှ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်နှင့် ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ငွေး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားကျင်းပ

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လိုဏ်တော်အတွင်း၌ နှစ်သစ်ဦးမင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်နာ အခမ်းအနားကျင်းပစဉ်။

(သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ပရိဝုဏ်ရှိ မာလိနီ မင်္ဂလာရေကန်တော် အတွင်း၌ ဇီဝိတဒါန၊ အဘယဒါန၊

စာမျက်နှာ ၃ ကော်လံ ၁ ●